# ချယ်ရီပန်းအဘိုးအို
# နှင့်
# အခြားပုံပြင်များ



ဟန်နီဦး

# ချယ်ရီပန်းအဘိုးအို
# နှင့်
# အခြားပုံပြင်များ


စာမျက်နှာ

၁

၂၁

၃၁

၃၉

၄၇

၇

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချယ်ရီပန်းအဘိုးအို | ၇ |
| ၂။ | လိုတာရမင်းသား | ၂၁ |
| ၃။ | ကြောင်မလေး | ၃၁ |
| ၄။ | ကိုယ်ပျောက်ဝတ်စုံ | ၃၉ |
| ၅။ | ကြိုးကြာငှက်ရဲ့ တုံ့တင်ကျေးဇူး | ၄၇ |
| ၆။ | ပုဆိန်နဲ့ထမင်း | ၅၁ |
| ၇။ | တရားရဲ့လား | ၅၉ |
| ၈။ | ကြော် . . .ရိုးချက် | ၆၃ |
| ၉။ | ငွေး ဆင်သားတားရုံ | ၆၇ |
| ၁၀။ | သားချစ်မြွေပါ | ၇၃ |
| ၁၁။ | မဆင်ခြင်သူ | ၇၇ |
| ၁၂။ | ထူးဆန်းသော ရေနွေးကရား | ၈၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | အရိပ် | ၈၇ |
| ၁၄။ | သားဆိုက် | ၉၁ |
| ၁၅။ | သန့်ကြီးမနဲ့ ခွေးလေး | ၉၅ |
| ၁၆။ | တောခွေးဟောင် | ၁၀၁ |
| ၁၇။ | ဘီလူးနှင့် မြင်းသူခိုး | ၁၀၅ |
| ၁၈။ | လိုတရလက်စွပ် | ၁၁၁ |
| ၁၉။ | အိမ်မြှောင်မြီး | ၁၂၁ |

## ချယ်ရီပန်းအတိုးအီ

သနားကြင်နာတတ်တဲ့ အဘိုးအိုတစ်ဦးဟာ သိမ်မွေ့နူးညံ့လှတဲ့ ဇနီးသည်နဲ့အတူ တောင်ခြေရင်းက ရွာတစ်ရွာမှာ နေထိုင်ကြတယ်။

တစ်နေ့မှာ အဘိုးအိုဟာ သူ့လယ်ကွက်ကလေးကို ထွန်ယက်နေတုန်း သူ့နဲ့မြို့နီးချင်းကပ်နေသူ အင်မတန်လောဘကြီးတဲ့ ဘိုးစွာကျယ်ရဲ့အော်ဟစ်နေသံကို ကြားလိုက်ရသတဲ့။

"ဟား ...ငါ့ခြံထဲက ထွက်သွားစမ်း"

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

အဖြူရောင်ခွေးဖြူစုတ်ဖွားလေးတစ်ကောင်ဟာ ကြင်နာတတ်တဲ့ အဘိုးအိုရှိရာ ပြေးလာပြီး အတင်းခုန်တက်လာသတဲ့။ ဖိုးစွာကျယ်လည်း နောက်က ပါလာတာပေါ့။

"ဒီကောင် ကျုပ်ပန်းခြံကို ဖျက်ဆီးသွားတယ်၊ အခု ဒီကောင့်ကို သတ်ပစ်မယ်"

ခွေးကလေးက ကြောက်ရွံ့ထိတ်လန့်ပြီး တုန်တုန်ယင်ယင်နဲ့ ညည်းညူနေတယ်။

"သူ တမင်လုပ်တာမဟုတ်ဘူးနဲ့ တူပါတယ်ဗျာ၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါ၊ ကျုပ် ပြောရဲပါတယ်၊ သူ ဘယ်နည်းနဲ့မှ ခင်ဗျားကို ထပ်ပြီးနှောင့်ယှက်တော့မှာ မဟုတ်ပါဘူး"

"ဒါတော့ သဘောပဲ"

ဘိုးစွာကျယ်က စိတ်ဆိုးမာန်ဆိုးနဲ့ပြောပြီး ပြန်ထွက်သွားတယ်။

"အေး ... ဒါပေမဲ့ ဒီကောင် ကျုပ့်ခြံထဲမှာထပ်တွေ့ရင် အသေသာမှတ်"

ကြင်နာတတ်တဲ့အဘိုးအိုတို့ဇနီးမောင်နှံက မွေးထားလိုက်ကြသတဲ့။

ခွေးကလေးနာမည်ကို 'ချယ်ရီ' လို့ ပေးထားသတဲ့။ ခွေးကလေးရဲ့အမွေးဖားဖားတွေကလည်း ခုမှ လတ်လတ်ဆတ် ဆတ်ကျလာတဲ့ နှင်းဖွေးဖွေးတွေနဲ့ တူလှသတဲ့။

အဘွားအိုတို့လင်မယားကလည်း ချယ်ရီလေးကို စားနိုင်သလောက် သူတို့ အငတ်ခံကျွေးမွေးရှာတယ်။

သူစားနိုင်လေလေ သူ့ခန္ဓာကိုယ်က ကြီးထွားလေလေ ဖြစ်ပြီး နောက်ဆုံး ခွေးကလေးက အဘိုးအိုကို သွားလေရာ ကျောပိုးပြီး ခေါ်သွားနိုင်တဲ့ အရွယ်ရောက်လာတယ်။

တစ်နေ့မနက်မှာတော့ အဘိုးအိုဟာ သူ့လယ်ကို ပေါက်တူးတစ်လက်နဲ့ မြေဆွပေါင်းသင်လုပ်နေတုန်း ချယ်ရီလေးက အဘိုးအိုရဲ့အကျီစကို လာဆွဲနေတာ တစ်ခုခုကို လိုက်ကြည့်စေချင်ပုံပါပဲ။

"ဘာလဲကွ ချယ်ရီရဲ့ ငါ အလုပ်များနေတယ်လေကွာ"

ချယ်ရီလေးက ထွက်မသွားတော့ နောက်ဆုံး အဘိုးအိုလည်း ချယ်ရီ့ကျောပေါ်တက်ပြီး လိုက်သွားရတော့သတဲ့။

ချယ်ရီဟာ သူတို့အိမ်ရဲ့နောက်ဘက်မှာရှိတဲ့ တောင်ပေါ်ကိုတက်လာပြီး တောင်ထိပ်ကိုရောက်တော့ သစ်ပင်တစ်ပင်ရဲ့

နောက်ကို သွားပြီး ပောင်နေတယ်။

အဘိုးအိုလည်း ခေါင်းကုတ်၊ ပခုံးတွန့်ပြီး သူ့ပေါက်တူးနဲ့ စပြီး တူးရှာတယ်။

သိပ်မကြာခင်မှာဘဲ မာကျောကျောအရာတစ်ခုကို ပေါက်တူးနဲ့ ထိမိလိုက်တယ်။

''ဟမ် ... ဘာပါလိမ့်''

အဘိုးအို အပေါက်ထဲလက်နှိုက်စမ်းလိုက်တယ်။

''ဟာ ... ရွှေဒင်္ဂါးတွေ အများကြီးပါလား''

အဲဒီညက အဘိုးအိုက အဘွားအိုကို ချယ်ရီလေး ရတနာတွေ ဘယ်လိုတွေ့ခဲ့တယ်ဆိုတာကို အားပါးတရ ပြောပြနေတာပေါ့။

အဲဒီအချိန်မှာ ဘိုးစွာကျယ်တို့လင်မယားက အမှတ်တမဲ့ အိမ်လာလည်ရင်း ကြားသွားပြီး ထရံပေါက်က ချောင်းကြည့်လိုက်တော့ ရွှေဒင်္ဂါးတွေ ပုံထားတာ တွေ့လိုက်ရတယ်။

နောက် ... ရွှေဒင်္ဂါး တွေ့ပုံတွေ့နည်းလည်း ချောင်းနားထောင်ရင်း သိသွားကြတော့ အရမ်းမနာလိုဖြစ်ကြတာပေါ့။

ဒါနဲ့ ... ဘိုးစွာကျယ်ဟာ ချယ်ရီလေးကိုရှာ၊ လည်ပင်း

ကြိုးနဲ့ချည်ပြီး သူတို့အိမ် အတင်းဆွဲခေါ်သွားသတဲ့။

နောက်တစ်နေ့မနက်မှာ ဖိုးစွာကျယ်လင်မယားဟာ ချယ်ရီလေးကျောပေါ်ခုန်တက်ပြီး ကန့်ကျောက်ရိုက်နှက်ကြပြီး တောင်ပေါ်ကို အတင်းမောင်းသွားကြတယ်။

ဒီလိုနဲ့ ချယ်ရီလေးမှာ အားကုန်မောပန်းပြီး လဲကျတဲ့ အခါ တောင်ထိပ်ပေါ် ရောက်နေပြီပေါ့ကွယ်။

"ဒီနေရာပဲဖြစ်မယ်"

ဘိုးစွာကျယ်က အော်ပြောပြီး စ,တူးတော့သတဲ့။ သူ့ပေါက်တူးက မာကျောတဲ့အရာတစ်ခုနဲ့ ထိခိုက်မိသံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ...

"ဟေး ... ငါတို့တွေ့ပြီ၊ ငါတို့ချမ်းသာပြီဟေ့"

သူရှာတွေ့တဲ့အပေါက်ထဲ စမ်းပြီး နှိုက်ချလိုက်ရာ တွန့်လိမ်နေတဲ့မြွေတွေ တစ်ထွေးကြီးပါလာသတဲ့။

ဘိုးစွာကျယ်တို့ လင်မယားလည်း ကြောက်လန့်ပြီး ပက်လက်လန်လဲကျသွားပြီး ကြောက်နေရာမှ ဒေါသက အစားဝင်လာတာပေါ့ကွယ်။

"ကြည့်စမ်း ... ခွေးစုတ်၊ နောက်တစ်ခါ ငါတို့ကို

အရှုံးလုပ်လို့မရအောင် သင်ခန်းစာပေးရမယ်''

လောဘ၊ ဒေါသကြီးလှတဲ့ အဘိုးအိုဟာ ပေါက်တူးနဲ့ ချယ်ရီလေးခေါင်းကို တစ်ချက်တည်းရိုက်ပြီး သတ်ပစ်လိုက်ကြသတဲ့။

ကြင်နာတတ်တဲ့အဘိုးအိုဖနီးမောင်နှံကတော့ ချယ်ရီလေး သေဆုံးသွားတာ သိလိုက်ရတော့ ကြေကွဲဝမ်းနည်းစွာနဲ့ ချယ်ရီလေးကို တောင်အောက်သယ်ယူလာပြီး သူတို့အိမ်အနီးမှာ မြေမြှုပ်လိုက်ကြတယ်။

နောက် ချယ်ရီလေးမြေပုံအနီးမှာလည်း သစ်ပင်တစ်ပင် စိုက်ထားလိုက်ကတယ်။

သူတို့ အင်မတန်ချစ်ခင်လှတဲ့ ခွေးလေးအတွက် ဆုတောင်းမေတ္တာပို့ပြီး မျက်ရည်လည်ရွဲနဲ့ အိမ်ကိုပြန်သွားကြလေတယ်။

ဒါပေမဲ့ . . . မကြာခင်မှာ ထူးဆန်းစွာနဲ့ စိုက်ထားတဲ့သစ်ပင်ဟာ မယုံနိုင်လောက်အောင် မြန်တဲ့နှုန်းနဲ့ သစ်ပင်ကြီးတစ်ပင် ဖြစ်လာတော့တယ်။

ဘယ်လောက်တောင်ကြီးသလဲဆိုရင် လက်နှစ်ဖက်နဲ့

ရစ်သိုင်းလို့မရအောင်ကို ကြီးထွားတဲ့သစ်ပင်ကြီးပေါ့။

မနက်ခင်းတစ်ခုမှာ အဘိုးအိုတို့လင်မယားနှစ်ယောက်ဟာ ချယ်ရီလေးမြေပုံမှာ ပန်းစည်းလေးလာချထားချိန် ပင်စည်ထဲက အသံလေးတစ်သံ ထူးဆန်းစွာကြားလိုက်ရသတဲ့။

"ကျွန်တော့်ကို သစ်သားဆုံဖြစ်အောင် လုပ်ပါ"

အဘိုးအိုကလည်း အိမ်ပြန် ပုဆိန်ယူပြီး သစ်ပင်ကို ခုတ်ချလိုက်တယ်။

ပင်စည်ကို ပိုင်းဖြတ်ပြီး သစ်သားဆုံကြီးတစ်ခုဖြစ်အောင် လုပ်လိုက်တယ်။

အဲဒီသစ်သားဆုံကြီးဟာ ဆန်မှုန့်လုပ်ရအောင် ဆန်ကို ထောင်းရမယ့် ဆုံကြီးပါပဲ။

"ကြည့်စမ်းပါဦး ... ခုမှ စဉ်းစားမိတယ်၊ ချယ်ရီလေးက ဆန်မှုန့် သိပ်ကြိုက်ရှာတာ"

သစ်သားဆုံကြီး အိမ်ယူလာရင်း အဘွားအိုက တွေတွေလေးပြောရှာသတဲ့။

"သူ့ဂူပေါ်တင်ထားဖို့ မုန့်နည်းနည်းလုပ်ရအောင်"

"အေး ... ကောင်းတယ်"

ရွှေပဒေသာစာပေ

အဘိုးအိုကလည်း သစ်သားဆုံထဲ ဆန်ထည့်ပြီး ကျည်ပွေ့ကြီးကြီးနဲ့ ထောင်းရှာတယ်။

ကျည်ပွေ့ တစ်ခါမ,လိုက်တိုင်း အဘွားအိုက မုန့်ညက်ကို ကောင်းကောင်းသမအောင် နယ်ရှာတယ်။

ဒီလိုနဲ့ မုန့်ညက်လည်း မာလာပြီး ညက်သည်ထက်ညက်လာတဲ့အခါ အဘွားအိုက မုန့်နယ်တာရပ်လိုက်ပြီး ဆုံထဲလက်ညှိုးထိုးပြလိုက်ရာ ဆုံထဲမှာတော့ တဝင်းဝင်း တလက်လက်အရောင်ထွက်လာရာ ...

"ဟာ ... ဒါ မုန့်တွေမှမဟုတ်ဘဲ၊ ရွှေ ... ရွှေတွေပါလား"

သည်တစ်ခါလည်း လောဘအိုး ဘိုးစွာကျယ်တို့ သိသွားကြပြန်ရော။

တစ်ချိန်လုံး သူတို့က ဒီဘက်အိမ်ကို ချောင်းကြည့်နေတာကိုး။

ဘိုးစွာကျယ်က ...

"ပြောစမ်းပါဦး ... အဲဒီသစ်သားဆုံကို ကျုပ်ငှားရင်ရမလား"

"ဒါ ... ဒါ ... ကျုပ်တို့ ချယ်ရီလေးရဲ့နောက်ဆုံး လက်ကျန်"

"အို ... ဒီလောက်လည်း ကပ်စေးနဲမနေစမ်းပါနဲ့၊ ပြန်ရမှာပေါ့"

ပြောပြောဆိုဆို ဘိုးစွာကျယ်တို့လင်မယားဟာ အိမ်ထဲ အတင်းဝင်ပြီး သစ်သားဆုံကို ယူသွားကြပါလေရော။

သူတို့အိမ်ကို ရောက်ရောက်ချင်း ပဲမုန့်လုပ်ဖို့ ပြင်ဆင်ကြတော့တယ်။

လောဘအိုး ဘွားစွာကျယ်က ဆုံထဲကမုန့်ညက်ကို ယူကြည့်ပြီး ...

"အရောင်နည်းနည်းမှ မပြောင်းဘူးတော့ အဘိုးကြီး"

"ကျုပ် သိပြီ၊ ဒါကို မုန့်ဝိုင်းကလေးတွေဖြစ်အောင် လုပ်ရမှာ"

ဒီလိုနဲ့ မုန့်ဝိုင်းကလေးတွေလုပ်ပြီး စားပွဲပေါ်တင်ထားကြတယ်။

မကြာခင်မှာ သူတို့မျက်စိရှေ့မှာပဲ မုန့်လေးတွေ အရောင် ပြောင်းလာတော့ ဘိုးစွာကျယ်တို့လင်မယား ဝမ်းသာအားရ

အော်ဟစ်ကြမယ်လုပ်တုန်း ...

'ဖောင်း'

မီးဖိုတစ်ခုလုံး မီးတောက်တွေ၊ မီးခိုးတွေနဲ့ ပြည့်သွားတော့တယ်။

ဘိုးစွာကျယ်လည်း ဒေါသနဲ့အော်ဟစ်ပြီး ပုဆိန်နဲ့ သစ်သားဆုံကို ခုတ်ထစ်ပြီး မီးဖိုထဲ ပစ်ထည့်လိုက်တယ်။

ကြင်နာတတ်တဲ့ အဘိုးအိုဟာ ဒီအကြောင်းကြားတော့ ဝမ်းနည်းပက်လက် ငိုယိုပြီး ဘိုးစွာကျယ်တို့အိမ် ရောက်လာတယ်။

မီးကျွမ်းသွားတဲ့ပြာတွေကို သိမ်းကျုံးကောက်ယူပြီး တောင်းကလေးထဲ ထည့်လိုက်တယ်။

''ချယ်ရီလေးရယ်''

ဆိုဆို့နင့်နင့်ငိုကြွေးရင်း ပြာတောင်းကလေးကို သူ့အိမ်ဘက် ပြန်ယူလာသတဲ့။

''ဒီပြာတွေကို ကျုပ်တို့လယ်ထဲ ကြဲလိုက်ပါလားတော်''

''အေး ... ဒါဆို ချယ်ရီလေး သိပ်ကြိုက်တဲ့မုန်လာဉနီတွေ စိုက်ကြတာပေါ့''

မြွေဒေသာစာပေ

ကြင်နာတတ်တဲ့ အဘိုးအိုလင်မယားဟာ ပြာတောင်းလေးကိုကိုင်ပြီး ယာလေးဘက်ထွက်လာသတဲ့။

အဲဒီနေ့က လေသိပ်တိုက်တဲ့နေ့တစ်နေ့ပေါ့။

အဘိုးအို ပြာတွေကြဲဖြန့်လိုက်ရော လေနဲ့အတူ ပြာတွေလွင့်ပါပြီး အနီးနားက ချယ်ရီပင်အိုကြီးပေါ် ကျသွားပါလေရောကွယ်။

ဒီမှာတင် မယုံနိုင်စရာအဖြစ်တွေ ဖြစ်ပေါ်လာတော့တယ်။

ခြောက်သွေ့နေတဲ့ ချယ်ရီကိုင်းခြောက်တွေပေါ် ပြာတွေကျသွားသွားချင်းပဲ အဲဒီသစ်ကိုင်းခြောက်တွေဟာ ချက်ချင်းစိမ်းစိုသက်ဝင်လာပြီး အင်မတန်လှတဲ့ ချယ်ရီပွင့်တွေ ဝေနေအောင် ပွင့်နေတာကို တွေ့လိုက်ကြရတယ်တဲ့။

"ဘုရားရေ ... ကျက်သရေရှိလိုက်တာနော်"

ပြာနဲ့ထိတွေ့သမျှ ချယ်ရီပွင့်ပင်တွေအကုန်လုံး ချက်ချင်းပဲ ပန်းတွေပွင့်လာလိုက်ကြတာ အဲဒီနားက ကွင်းပြင်တစ်ခုလုံး အင်မတန်လှတဲ့ ပန်းနုရောင် ချယ်ရီပန်းခင်းကြီး ဖြစ်သွားပါလေရော။

နောက်နေ့ကစပြီး ရွာမှာရှိရှိသမျှ လူကုန်ရောက်လာပြီး ထူးဆန်းလှတဲ့ ပန်းခင်းကြီးကို လာကြည့်ရင်း ချယ်ရီပန်းခင်း သတင်းက နယ်စားကြီးနားအထိ ပေါက်သွားသတဲ့။

အဲဒီအခါ နယ်စားကြီးက အဘိုးအိုကို ရှေ့တော်ခစား စေပြီး –

"ကဲ ... မောင်မင်းလုပ်ပြနိုင်တာ လုပ်ပြစမ်းပါ"

အဘိုးအိုလည်း ချယ်ရီပင်ခြောက်တစ်ပင်ပေါ် တက်ပြီး–

"အရှင် ... ကျွန်တော်မျိုး ဒီသစ်ခြောက်ပင်ကို အသက် ပြန်ရှင်လာစေပြီး ပန်းတွေ ပွင့်အောင်လုပ်ပေးနိုင်ပါတယ် ... ဘုရား"

သစ်ခြောက်ပင်ကြီးပေါ် ပြာတွေဖြူးလိုက်တော့ တစ်ခါ တည်း စိမ်းလန်းဝေဆာလာပြီး ချယ်ရီတွေဝေနေတာ တွေ့လိုက် ရတော့ နယ်စားကြီးက သိပ်အံ့ဩသွားပြီး ...

"မောင်မင်းဟာ ... ဒီကမ္ဘာမှာ အလွန်ထူးတဲ့ပန်းများ ကို ပွင့်စေသူပဲ၊ ဒါကြောင့် ... သင့်ကို ချယ်ရီပန်းဘိုးဘိုးကြီးလို့ တွင်စေဗျာ၊ ဒီလက်ဆောင်အုပ်ကိုလည်း ချီးမြှင့်ပေးသနားတော်မူ တယ်"

လို့ဆိုပြီး ... ရွှေအိတ်ငွေအိတ်တွေ ပေးသနားတော်မူတယ်။

ထိုစဉ် ...

ဘိုးစွာကျယ်တစ်ယောက် ခပ်လောလော ဝင်လာပြီး...

"ကျွန်တော်မျိုးသာ တကယ့်ချယ်ရီပန်းဘိုးဘိုးကြီးပါဘုရား၊ ရှုစားတော်မူပါ"

ပြောပြောဆိုဆို ကြွင်နာတတ်သော အဘိုးအိုလက်ထဲမှ ပြာအိတ်ကိုယူပြီး သစ်ပင်ပေါ်တက် ပြာတွေကြဲဖြန့်လိုက်ပါလေရော။

ဒါပေမဲ့ ...

ပန်းတွေပွင့်လာမယ့်အစား ပြာတွေအားလုံး မြေပေါ်ဖြန့်ကျလာပြီး လေတစ်ချက်ဝှေ့အတိုက်မှာ နယ်စားကြီးရဲ့မျက်နှာပေါ် ပြာမှုန့်တွေ ကပ်သွားတာ ဟပ်ချိုးချီပြီး ချောင်းဆိုးသွားတာပေါ့။

နယ်စားကြီးလည်း ဒေါသ အလွန်အမင်း ထွက်သွားပြီး ...

"မင်းချင်းများ . . . ဒီအယောင်ဆောင်အဘိုးကြီးကို ဖမ်းချုပ်စမ်း''

ဒါနဲ့ပဲ ဘိုးစွာကျယ်လည်း ဖမ်းချုပ်ခံရတော့တာပေါ့ ကွယ်။

ဒါဟာ သူနဲ့ထိုက်တန်တယ် မဟုတ်ဘူးလားကွယ်။

ကိုင်း . . .

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

❋ ❋ ❋

# လိုတရမင်းသား

ဟိုးရှေးရှေးတုန်းကပေါ့ ...

မိဖုရားတစ်ပါးဟာ ကာလအတန်ကြာတဲ့တိုင်အောင် သားသမီးမထွန်းကားဘဲရှိသတဲ့။ ဒါကြောင့် တစ်ရက်မှာတော့ နံနက်စောစော ဥယျာဉ်ထဲဆင်းကာ သားသမီးရရန် အပင်ကြီး တစ်ပင်အောက် ဆုတောင်းနေစဉ် နတ်သမီးတစ်ပါးပေါ်လာပြီး–

"မိဖုရား ... သင်သည် တောင့်တတိုင်းပြည့်စုံမည့် လိုတရမင်းသားလေးတစ်ပါး မကြာခင် ဖွားမြင်ရပေလိမ့်မည်"

ထိုစကားကိုကြားလျှင် မိဖုရားကြီးက ဝမ်းမြောက် ဝမ်း

သာနှင့် ဘုရင်ကြီးအား အကြောင်းစုံပြောပြလေတယ်။ ဒီလိုနဲ့ အချိန်တန်တော့ သားတော်လေးတစ်ပါး ထွန်းကားလာတာပေါ့ ကွယ်။ မိဖုရားကြီးက မနက်တိုင်း သားတော်လေးကိုချီကာ ဥယျာဉ်တွင်းရှိ ကြည်လင်သောစမ်းချောင်းငယ်မှာ သားတော် ကလေးကို ရေချိုးပေးသတဲ့။

တစ်နေ့မှာတော့ မိဖုရားကြီးဟာ သားတော်လေးနဲ့ ရေကစားပြီး မောပန်းစွာနဲ့ အမှတ်မဲ့အိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ နန်းတော်ထဲက စားတော်ကဲဟာ သားတော်လေးရဲ့ လိုတရ အစွမ်းကိုသိနေတော့ သားတော်လေးကို မိဖုရားပေါင်ပေါ်မှ ခိုးယူသွားသတဲ့။

ထို့ပြင် ကြက်တစ်ကောင်ကို သတ်၍ သွေးများကို မိဖုရား၏အဝတ်ပေါ် ဖျန်းပက်ထားခဲ့တယ်။ ကလေးကိုတော့ လုံခြုံတဲ့နေရာမှာဝှက်ထားပြီး စားတော်ကဲက နန်းတော်ကိုဝင်လာ သတဲ့။

ဘုရင်ရှေ့ ဝင်ခစားပြီး . . .

"မှန်လှပါ အရှင်မင်းကြီး . . . မိဖုရားကြီးက သားတော် လေးကို ကောင်းစွာ မစောင့်ရှောက်သဖြင့် သားရဲတိရစ္ဆာန်

တစ်ကောင်ကောင်က စားပစ်လိုက်ခြင်းပါ''

ဘုရင်ကြီးကလည်း မိဖုရားအဝတ်ပေါ်မှသွေးများမြင်ပြီ စားတော်ကဲပြောသမျှ ယုံကြည်ပြီး မိဖုရားကြီးကို အလွန် အမျက် ထွက်ကာ အလွန်မြင့်သော မျှော်စင်ကြီးတစ်ခု၌ ပိတ်လှောင်ထား ရန်နှင့် အစာရေစာမကျွေးဘဲ ခုနစ်နှစ်တိုင်တိုင် အကျဉ်းချဖို့ အမိန့်ပေးလိုက်သတဲ့။

ဒါပေမဲ့ ... ချိုးဖြူလေးနှစ်ကောင်က တစ်နေ့နှစ်ကြိမ် မိဖုရားကြီးဆီကို စားသောက်ဖွယ်ရာတွေ လာပို့ ပေးလေသတဲ့ ကွယ်။

ဒီလိုနဲ့ ... မင်းသားလေး စကားပြောတတ်တဲ့အရွယ် ရောက်လာတော့ စားတော်ကဲက မင်းသားလေးကို သူ့အတွက် အလွန်ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီးတစ်လုံး ဖန်ဆင်းခိုင်းတာ မင်းသားလေးကလည်း စားတော်ကဲဆိုတိုင်း တောင့်တလိုက်တာ ချက်ချင်းပဲ သူ့အလိုရှိသော အိမ်ကြီးအိမ်ကောင်း ပရိဘောဂ အစုံအလင်နဲ့ ပေါ်လာသကဲ့ကွယ်။

ကာလအတော်[ကြာ]လာတဲ့အခါ စားတော်ကဲကြီးက မင်းသားလေးကို ...

"သင်နဲ့အဖော်ရရန် မိန်းကလေးတစ်ဦးကို တောင့်တပါလေ"

မင်းသားလေးလည်း တောင့်တပြန်ရာ အလွန်လှပသော မိန်းမပျိုလေးတစ်ဦး ပေါ်လာကာ သူတို့နှစ်ဦးလည်း သံယောဇဉ် ကြီးစွာနဲ့ အတူတကွ ကြီးပြင်းလာကြတာပေါ့။

သည့်လိုနဲ့ မင်းသားလေးတို့နှစ်ယောက် အရွယ်ရောက်လာချိန်မှာ စားတော်ကဲကြီး စဉ်းစားမိလာတာက မင်းသားလေးကသာ သူ့မယ်တော် ခမည်းတော်တို့ကို တွေ့လိုပါတယ်လို့ တောင့်တမိရင် သူ့အပြစ်တွေ ပေါ်ချေတော့မယ်လို့ တွေးရင်း မိန်းမပျိုလေးကိုခေါ်ပြီး ...

"မိန်းကလေး ... သည်ညမှာ သင်က ဒီဓားမြှောင်နဲ့ မင်းသားရင်ကိုခွဲ နှလုံးသားကိုထုတ်ယူရမယ်၊ လျှာကိုလည်း ဖြတ်ရမယ်၊ အကယ်၍ သင်မပြုလုပ်ခဲ့သော် သင့်ကို ငါသတ်ရလိမ့်မယ်"

မိန်းမပျိုလည်း ငြင်းမရတဲ့အဆုံး နွားငယ်တစ်ကောင် သတ်ကာ နှလုံးနဲ့လျှာကိုဖြတ်ကာ ခွက်တစ်ခွက်ထဲထည့်ပြီး စားတော်ကဲပြန်အလာကို စောင့်နေသတဲ့။

မင်းသားကို အိပ်ရာပေါ်မှာ အဝတ်များနဲ့ ဖုံးအုပ်ထား တယ်။

စားတော်ကဲပြန်လာတော့ နွားရဲ့နှလုံးသားနဲ့လျှာကိုပြပြီး မင်းသားအား သတ်ပြီးကြောင်းပြောပေမယ့် မင်းသားက ဝှက် ထားရာမှထွက်လာပြီး . . .

"အို သူယုတ်မာကြီး . . . သင်သည် အဘယ်ကြောင့် ကျွန်ုပ်ကို သတ်ရသည်နည်း။ သင်၏ဖြစ်မှုအတွက် ယခုပင် ကျွန်ုပ် စီရင်မည်၊ သင်သည် ခွေးနက်ကြီးအဖြစ်သို့ ပြောင်းစေ၊ သင်သည် မီးကျီခဲများကိုစားစေ၊ မီးလျှံများသည် သင်၏ပါးစပ်မှ ထွက်နေစေ"

မင်းသားစကားဆုံးသည်နှင့်တစ်ပြိုင်နက် စားတော်ကဲ သည် ခွေးနက်ကြီးဘဝသို့ ပြောင်းသွားပြီး လည်ပင်းတွင် ရွှေကြိုး ပတ်လျက် မီးကျီခဲများစား၍ ပါးစပ်မှမီးလျှံများ ထွက်နေတော့ သတဲ့။

မင်းသားလေးလည်း မယ်တော်၊ ခမည်းတော်တို့ကို သတိရသဖြင့် တိုင်းပြည်ပြန်ရန် ဆုံးဖြတ်လိုက်တာပေါ့။ မိန်းမပျို လေးကိုလည်း သူနဲ့အတူလိုက်ခဲ့ရန် ခေါ်တာပေါ့ကွယ်။

သူမလေးက ကြောက်ရွံ့နေရှာတော့ မင်းသားက ဘယ်လိုအန္တရာယ်မှ မကပ်ငြိစေရန် သူမကို ဇော်မွေးပန်းကလေးအဖြစ် ကူးပြောင်းစေကာ အမြတ်တနိုး ယူဆောင်လာခဲ့တယ်။

ခွေးနက်ကြီးကိုဆွဲ၊ ဇော်မွေးပန်းကလေး ရင်ဘတ်မှာ ထိုးပြီး နန်းတော်ရှိရာ ခရီးဆက်ခဲ့တာပေါ့ကွယ်။ တိုင်းပြည်ရောက်လာတော့ သူ၏မယ်တော်ရှိရာ မျှော်စင်ကြီးမှာ အလွန်မြင့်မားလှတော့ မင်းသားက မျှော်စင်ထိပ်အထိမီသော လှေကားတစ်စင်းတောင့်တလိုက်ရာ လှေကားတစ်စင်းပေါ်လာပြီး ထိုလှေကားအတိုင်း တက်လာခဲ့သတဲ့။

''မယ်မယ် ... ကျန်းမာစွာရှိပါ၏လော''

မိဖုရားကြီးက သူမကို အစာလာပို့သော ချိုးငှက်ကလေးများ မေးမြန်းသည့်အထင်နှင့် ...

''စားပြီးပါပြီ ... ဝလည်း ဝပါပြီ''

ထိုအခါ ...

မင်းသားက မိဖုရားကြီး၏သားတော်ဖြစ်ကြောင်း ကုန်စင်အောင်ပြောပြပြီး မယ်တော်ကို ကယ်ဆယ်မည်ဖြစ်ကြောင်း ပြောပြတာပေါ့။

နောက် ခမည်းတော်ရှိရာ နန်းတော်ကိုသွားပြီး ...

"အရှင်မင်းကြီး ... ကျွန်တော်မျိုးက မုဆိုးတစ်ဦးပါ၊ မင်းကြီးဆီမှာ အမှုထမ်းလိုကြောင်းပါ"

"အိမ်း ... ဒီနယ်မှာ သားကောင်ရှားလွန်း၍ အမဲမလိုက်နိုင်ဘူးလေ"

"သမင်များစွာ ရအောင်ရှာဖွေဆက်သမည်ဆိုပါလျှင်ကော"

"သို့ဖြစ်လျှင် အမှုတော်ထမ်းစေ"

မင်းသားသည် အခြားသော မုဆိုးများကိုပါ သူနှင့်အတူ လိုက်ပါလာစေကာ တောထဲရောက်တော့ မုဆိုးများကို ဝိုင်းဝန်းနေစေပြီး တစ်နေရာတွင် ဝင်ပေါက်တစ်ခုထားစေတယ်။ ပြီး ... သူတောင့်တလိုက်ရာ မြောက်မြားစွာသော သမင်တို့ဟာ ဝိုင်းထဲ အုပ်လိုက်ဝင်လာတော့တာပေါ့။

မုဆိုးတို့ ဝိုင်းဝန်းပစ်ခတ်ကြ၍ လှည်းအစီးခြောက်ဆယ်တိုက်ရှိသော သမင်တို့ကို ရသတဲ့။ ဘုရင်ကြီးက မင်းသားအား ချီးကျူးကာ ကြီးစွာသောစားသောက်ပွဲကြီးကို ကျင်းပပေးသတဲ့လေ။

ဘုရင်က မင်းသားအား အလွန်တော်သော မုဆိုးအဖြစ် ချီးကျူးကာ သူ့အနီး၌ ထိုင်စေတယ်။ မင်းသားက သူ့မိခင်ကို သတိရသဖြင့် ကျန်ပရိသတ်ထဲမှ တစ်စုံတစ်ယောက်သည့် မယ်တော်၏အကြောင်း စပြောပါစေလို့ တောင့်တလိုက်ရာ အမတ်ကြီးတစ်ယောက်က ...

"မိဖုရားကြီး ... အသက်ရှင်လျက်ရှိသေးသလား"

"အိမ်း ... မိဖုရားက သားတော်လေးကို သားရဲလက်ထဲ အပ်လိုက်တဲ့အတွက် အပြစ်ပေးတဲ့အနေနဲ့ ပစ်ထားလိုက်တာ ခုထိ သတင်းမကြားမိတော့ပေ"

ဤတွင် မင်းသားသည် နေရာမှထကာ အကြောင်းစုံကို ရှင်းပြလေတယ်။

မင်းသားက သူတို့အား ဒုက္ခရောက်စေသော စားတော်ကဲကြီးကို မှုလဘာဝရောက်အောင် တောင့်တလိုက်ရာ ခွေးကိုင်လျက် စားတော်ကဲကြီးရပ်လျက် တွေ့လိုက်ရသတဲ့။

ဘုရင်ကြီးက စားတော်ကဲဟောင်းကို မှတ်မိရလေကား ပြင်းစွာအမျက်ထွက်ကာ နန်းတော်အနောက်ဘက်ရှိ ကျင်းကြီးထဲ ပစ်ချရန် အမိန့်ပေးလိုက်လေတယ်။

မင်းသားက သူ့အား ကောင်းစွာပြုစု၍ သူ၏အသက်ကို ကယ်ဆယ်သောမိန်းမပျိုကိုလည်း မြင်လိုပါသေးသလောလို့ မေးမြန်းရာ ...

"မြင်ပါရစေ သားတော်"

"မှန်လှပါ ခမည်းတော် ... အရင်ဆုံး ပန်းအသွင်ကို ပြပါရစေဦး"

သူ့ရင်ဘတ်တွင် ထိုးစိုက်ထားသော ပန်းကို စားပွဲပေါ် တင်ပြလိုက်ရာ ဤမျှ လှပသောပန်းကို မမြင်ဖူးကြ၍ နန်းဆောင်တော် တစ်ခုလုံး အံ့ဩနေကြတာပေါ့။

အဲဒီနောက် မင်းသားလေးက မိန်းမပျိုလေးအသွင် ပြောင်းရန် တောင့်တလိုက်ရာ မိန်းမပျိုလေးကိုမြင်ရသူအပေါင်း ရင်သပ်ရှုမောမဆုံးနိုင်ကြတာပေါ့။ ချက်ချင်းပဲ ဘုရင်ကြီးလည်း မိဖုရားကို မျှော်စင်မှ ပြန်လည်ခေါ်လာသတဲ့။

သို့ရာတွင် မိဖုရားကြီး မျှော်စင်ပေါ်နေစဉ်က စောင့်ရှောက်သောနတ်တို့က မကြာမီ မိဖုရားကြီးအား ပြန်ခေါ်ကြတော့မယ်လို့ ဆိုလေတယ်။

မိဖုရားကြီးသည် သုံးရက်မျှ ဘုရင်ကြီး၊ သားတော်တို့နှင့်

အတူနေထိုင်ပြီး အေးငြိမ်းစွာနဲ့ပဲ ကွယ်လွန်သွားရှာလေသတဲ့။

မိဖုရားကြီးကို သင်္ဂြိုဟ်ရန် ယူဆောင်သွားတဲ့အခါ ချုံးဖြူကလေးနှစ်ကောင်ဟာ နတ်သမီးနှစ်ပါးအသွင်နဲ့ မိဖုရားရဲ့မြေပုံပေါ်မှာ ဝဲပျံနေတာကို လူတွေ မြင်တွေ့ကြရလေတယ်။

ဘုရင်ကြီးလည်း မိဖုရားကြီးကို အချိန်ကြာမြင့်စွာ တမ်းတလွမ်းဆွတ်ရင်း နတ်ရွာစံသွားလေတော့တယ်။

ဘုရင်ကြီး နတ်ရွာစံတော့ သားတော်မင်းသားလေးက ဇော်မွှေးပန်းကလေးအ[illegible] သူ့ရင်မှာ အမြွတ်တနိုး ထိုးစိုက်ခဲ့သူ မိန်းမပျိုလေးကို လက်ထပ်ပြီး ထီးနန်းကို သိမ်းပိုက်လေတယ်။

သူတို့ဟာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အသက်ထက်ဆုံး နေထိုင်သွားကြတော့သတဲ့ကွယ်။

❋ ❋ ❋

## ကြောင်မလေး

တစ်ရံရောအခါက . . .

ရွာတစ်ရွာတွင် သူဌေးကြီးတစ်ဦး ရှိလေသည်။ သူ့တွင် ဆွေမျိုး၊ သားမယား မည်သူမျှမရှိဘဲ တပည့်သုံးယောက်သာ ရှိလေသည်။

ထိုတပည့်တို့သည် သူဌေးကြီးနှင့် နှစ်ပေါင်း အတန်ကြာမျှ အတူနေထိုင်ခဲ့ကြလေသည်။

တစ်နေ့တွင် သူဌေးကြီးသည် သူ၏တပည့်များကိုခေါ်ကာ . . .

"အမောင်တို့ ... ငါသည် အိုမင်းမစွမ်းရှိချေပြီ၊ ဆက်လက်၍ အလုပ်မလုပ်လိုတော့၊ သင်တို့သုံးဦးထဲမှ တစ်ဦးဦးသည် အကောင်းဆုံးသော မြင်းတစ်စီးကို ယူဆောင်၍ ငါ့အားပေးကြအုံ၊ ထိုသူအား ငါပိုင်ဆိုင်သမျှ အကုန်လွှဲအပ်မယ်"

ဟု ပြောဆိုလေသည်။

ထိုစကားကြားလျှင် တပည့်သုံးယောက် အလွန်ဝမ်းသာကြကုန်၏။ သူတို့မှာ ညီအစ်ကိုများဖြစ်ကြသော်လည်း အကြီးနှစ်ယောက်က အငယ်ဆုံးညီငယ်လေးအပေါ် ဘယ်သောအခါမှ ညှာတာချစ်ခင်မှု မရှိကြပေ။ သို့နှင့် ညီအစ်ကိုသုံးယောက် မြင်းရှာရန် ထွက်လာခဲ့ကြသည်။ ညအချိန်ရောက်တော့ တောထဲဆိုက်ခေါင်းတစ်ခုတွေ့၍ ထိုအထဲ ဝင်အိပ်ကြလေသည်။ သို့ရာတွင် အကြီးနှစ်ယောက်က ညီငယ်အိပ်ပျော်သွားချိန်ထိ စောင့်ပြီးမှ ထိုနေရာမှ ထွက်ခွာသွားကြတော့၏။

မိုးသောက်တော့ ညီငယ်အိပ်ရာမှနိုးချိန်တွင် အစ်ကိုနှစ်ယောက်လုံး မတွေ့ရတော့ ရုတ်တရက် အားငယ်သလို ခံစားလိုက်ရပြီး မြင်းကို ငါ ဘယ်လိုရှာရပါမလဲဟု တွေးနေခိုက် ကြောင်မလေးတစ်ကောင် သူ့အနီးရောက်လာပြီး ...

"မည်သည့်အရပ် သွားမည်နည်း"

"အသင်က ကျွန်ုပ်ကို ကူညီနိုင်မယ် မထင်ပါဘူး"

ဤတွင် ကြောင်မလေးက ...

"ကျွန်ုပ်သည် သင်၏အကြောင်းကို ကောင်းစွာသိပါသည်၊ အလွန်ကောင်းမွန်သော မြင်းတစ်စီးကို သင် အလိုရှိနေသည် မဟုတ်ပါလော၊ ကျွန်ုပ်နှင့် အတူလိုက်ခဲ့ပါ၊ သင်သည် ကျွန်ုပ်ထံတွင် သစ္စာရှိသော လက်ပါးစေအဖြစ် ခုနစ်နှစ်တိတိ အလုပ်လုပ်ပေးပါက သင်အလိုရှိသောမြင်းကို ကျွန်ုပ်ပေးပါမည်၊ ကျွန်ုပ်ပေးမည့်မြင်းမျိုးကို သင် တစ်ခါမျှပင် မြင်ဖူးလိမ့်မည် မဟုတ်ပါ"

ထိုအခါ ညီငယ်သည် ကြောင်မလေးနောက်သို့ လိုက်ပါသွားလေ၏။ ကြောင်မလေးက သူ့အား နန်းတော်ကြီးတစ်ခုတွင်းသို့ ခေါ်ဆောင်လာသည်။ သို့ရာတွင် ထိုနန်းတော်ထဲ၌ လူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိဘဲ ကြောင်များသာရှိလေသည်။ ပုံစံမျိုးစုံနှင့် လှုပ်ရှားသွားလာနေကြသော ကြောင်များကိုသာ ညီငယ် တအံ့တသြ ငေးကြည့်နေရှာသည်။

အခန်းတစ်ခုအတွင်း ညီငယ်ကို ကြောင်ငါးကောင်က

လိုလေသေးမရှိ ပြုစုပေးကြသည်။ အလုပ်တာဝန်အနေဖြင့် ညီငယ်သည် တစ်နေ့ပတ်လုံး သစ်များကို ခုတ်ရလေသည်။

ထိုသစ်ခုတ်ရန်အတွက် ကြောင်များက သူ့အား ငွေဖြင့် ပြုလုပ်ထားသော ပုဆိန်၊ လွှ၊ ကြေးနီတူတစ်ချောင်းလည်း ပေးထား၏။ ထိုလက်နက်ကိရိယာများဖြင့် ညီငယ်သည် နေ့စဉ် ပင် အလုပ်ကောင်းစွာလုပ်လေသည်။ သူ့အဖို့ အစားအသောက် များကိုလည်း ကောင်းစွာစားရလေသည်။ သို့ရာတွင် နန်းတော် တွင်း၌ကား ကြောင်များမှလွဲ၍ လူတစ်ယောက်မှ မရှိပေ။

တစ်နေ့တွင် ကြောင်မလေးက ...

"ယနေ့အဖို့ ကျွန်ုပ်၏မြက်ခင်းသို့သွား၍ မြက်ရိတ်ပါ လေ၊ ရိတ်ပြီးသောမြက်များကိုလည်း ကောင်းစွာခြောက်အောင် နေလှန်းပါလေ"

ထို့နောက် ညီငယ်အား ငွေဖြင့်ပြုလုပ်ထားသော တံစဉ်၊ ရွှေဖြင့်ပြုလုပ်ထားသော ခားသွေးကျောက်ကို ပေးလိုက်လေ သည်။ ညီငယ်ကလည်း ကြောင်မလေးမှာသည့်အတိုင်း သေချာ စွာ ဆောင်ရွက်ပေးလေသည်။ အလုပ်ပြီးစီးသောအခါ သူသည် ငွေတံစဉ်နှင့် ရွှေကျောက်တို့ ကောင်းစွာပြန်ပေးလေသည်။

နောက်တစ်ရက် လိုအပ်သောပစ္စည်းများပေးပြီး အိမ်ငယ်တစ်လုံး ဆောက်ခိုင်းပြန်၏။

အားလုံး ငွေဖြင့်ဆောက်ထားသော အိမ်တစ်လုံး ပြီးစီးသွားချိန်မှာ ...

"ကျွန်ုပ်အဖို့ သင့်အတွက် ဆောင်ရွက်ပေးရသည်မှာ ခုနစ်နှစ်ကြာခဲ့ပါပြီ"

"ကျွန်ုပ်ရဲ့မြင်းများကို ကြည့်လိုသလော"

ညီငယ်က ကြည့်မည်ဆိုသောကြောင့် ကြောင်မလေးက နန်းတော်အပြင်သို့ ခေါ်လာလေသည်။ တံခါးတစ်ချပ်ဖွင့်လိုက်သည်နှင့် အလွန်ခန့်ညားတင့်တယ်သော မြင်းတစ်ဆယ့်နှစ်ကောင်ကို မြင်လိုက်ရစဉ် ဝမ်းမြောက်သွားလေ၏။ သို့ရာတွင် ကြောင်မလေးက ကြာရှည်ကြည့်ခွင့်မပေးချေ။

"သင်၏အိမ်ကို ယခုပင်ပြန်ပေတော့၊ ကျွန်ုပ်က မြင်းကို သင်နှင့်အတူ ယခုမပေးလိုက်နိုင်၊ သုံးရက်ကြာလျှင် ကျွန်ုပ်ကိုယ်တိုင် သင့်ထံလာပို့ပေးမည်"

ကြောင်မလေးလမ်းပြသည့်အတိုင်း သူပြန်ခဲ့ရပေမယ့် သူ့နှုတ်ခမ်းပါအဝတ်များက ဟောင်းနွမ်းစုတ်ပြတ်နေပြီး ထွားကျိုင်း

လာခဲ့သော သူ့ကိုယ်နှင့် မတော်ဘဲရှိလေ၏။ မြင်းလည်း မပါဘဲ အိမ်ပြန်ရောက်လာသောညီငယ်ကို မြင်းကိုယ်စီပါလာသော အစ်ကိုနှစ်ဦးက နှာခေါင်းရှုံ့နေကြလေသည်။

သူဌေးကြီးကလည်း စုတ်ပြတ်သတ်နေသောညီငယ်ကို နေရာထိုင်ခင်းပင် မပေးချေ။ ညအချိန်တွင် အစ်ကိုနှစ်ယောက်ကလည်း သူတို့နှင့်အတူ မအိပ်စေဘဲ ဘဲခြံထဲရှိ ကောက်ရိုးများပေါ်တွင် သိပ်လေသည်။

သည့်လိုနှင့် သုံးရက်မြောက်နေ့တွင် မနက်လင်း၍ ညီငယ် အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် ရထားတစ်စီးမောင်းလာသည်ကို တွေ့လိုက်ရသည်။ ထိုရထားမှ မြင်းခြောက်ကောင်မှာ အလွန်တင့်တယ်လျက် နေရောင်ဝယ် တောက်ပနေပြီး ရထားဘေးတွင်လည်း လက်ပါးစေတစ်ယောက်က အလွန်လှပတင့်တယ်သော မြင်းတစ်ကောင်ကို ဆွဲလျက် ပါလာလေသည်။

ရထားဆိုက်သော် ရထားအတွင်းမှ အလွန်ချောမွေ့လှပသော မင်းသမီးလေးတစ်ပါး ဆင်းလာသည်။ စင်စစ် ထိုမင်းသမီးကလေးမှာ ကြောင်မလေးပင်။

သူမသည် ပြုစားခံထား၍ ကြောင်မလေးဖြစ်နေရပြီး

ညီငယ့်က သူမထံတွင် ခုနစ်နှစ်ပတ်လုံး အခိုင်းအစေခံခဲ့သော ကြောင့် ကျိန်စာမှ လွတ်မြောက်သွားခြင်းဖြစ်၏။

ညီငယ်ကို အစေခံနှစ်ဦးက ရေချိုးပြီး အဝတ်အစားများ ဝတ်ဆင်ပြီးသွားသောအခါ အလွန်ခန့်ညားတင့်တယ်သော မင်းသားအသွင်ရောက်သွား၏။

သူဌေးကြီးက ညီအစ်ကိုသုံးယောက်ယူဆောင်လာသော မြင်းများကိုကြည့်ပြီး ညီငယ့်မြင်းလို လှပသောမြင်းမျိုး မမြင်ဖူး ကြောင်း ဝန်ခံပြောလေသည်။

ဤမြင်းသည် ညီငယ်ပိုင်သော မြင်းဖြစ်ကြောင်း မင်း သမီးလေးက ပြောဆိုလိုက်ရာ သူဌေးကြီးက သူ့စကားအတိုင်း သူပိုင်ဆိုင်သမျှအားလုံး ညီငယ်ကို ပေးအပ်လိုက်၏။

ညီငယ်က ပစ္စည်းအားလုံး သုံးပုံခွဲပြီး အစ်ကိုနှစ်ဦးအား ခွဲဝေပေးလေသည်။

မင်းသမီးလေးက စိတ်ထားဖြူစင်သော ညီငယ်ကို နန်း တော်သို့ ခေါ်ဆောင်သွား၏။

ညီငယ်ဆောက်ခဲ့သော အိမ်လေးမှာ အလွန်ခံ့ညားသော နန်းတော်ကြီးဖြစ်နေပြီ။

အတွင်းရှိပစ္စည်းများအားလုံး ရွှေငွေဖြင့်သာ ပြုလုပ်ထား လေသည်။

ထိုနေ့မှစ၍ သူဆင်းရဲကလေးမှာ အလွန်ချမ်းသာသွား ကာ မင်းသမီးလေးနှင့် ပျော်ရွှင်စွာ နေထိုင်သွားကြလေတော့ သတည်း။

❋ ❋ ❋

## ကိုယ်ပျောက်ဝတ်စုံ

တစ်ခါတုန်းကပေါ့ကွယ် ...

သိပ်ပြီး နောက်ပြောင်ရှုပ်ပွေတတ်တဲ့ လူနောက်ကလေး တစ်ယောက် ရှိသတဲ့။ သူ့နာမည်က ဖိုးရှုပ်လို့ ခေါ်တာပေါ့။

သူဟာ အမြဲပဲ နောက်ပြောင်ဖို့ စဉ်းစားနေပြီး ဘယ်သူ့ကို ဒုက္ခပေးရမလဲလို့ တွေးတောကြံစည်နေသူကိုး။

ဒီလိုနဲ့ တစ်ရက်မှာ ဖိုးရှုပ်ဟာ ဓါးတစ်ချောင်းကိုယူ၊ အဆစ်ကိုဖောက်ပြီးတော့ တောင်ပေါ်သစ်တောရှိရာ တက်လာတယ်။

တောင်ထိပ်ပေါ်ရောက်တဲ့အခါ ဝါးဆစ်ပေါက်ကနေ အဝေးကိုစိုက်ကြည့်ပြီး ...

"အို ... ဟား ... အကုန်လုံးကိုမြင်လိုက်ရတာ ကောင်းပါတယ်ကွာ၊ ငါတို့ရွာလေးဆီသွားတဲ့ လမ်းတစ်လျှောက် လုံးကို အပေါ်စီးက မြင်နေရပါလား ... ဟေး"

အဲဒီအချိန်မှာပဲ အက်ကွဲကွဲ ရှတတအသံတစ်သံဟာ ထင်းရှူးပင်ထိပ်ဖျားက ရုတ်တရက်ပေါ်လာသတဲ့။

"ကောင်လေး ... ငါရော မကြည့်ရဘူးလားဟေ့"

ဖိုးရှုပ်က လန့်ဖျပ်သွားပြီး ...

"ဟ ... ဒါ ဘယ်သူပြောလိုက်ပါလိမ့်"

"ငါပါကွ ... မင်းကိုင်ထားတာကို ငါရော ကြည့်လို့ မရဘူးလား"

"ဟင့်အင်း ... ဒါ ကျွန်တော်ရဲ့ အဖိုးအတန်သုံးပစ္စည်း ပဲ၊ ဒီကမ္ဘာကြီးမှာ အစွမ်းဆုံးမှန်ပြောင်းဆိုတာ ဒါပဲပေါ့"

"လာပါဦး မောင်ရာ ... ဒီမှာ နည်းနည်းလေး ပိစိကွေး ကလေးလောက်ပဲ ကြည့်ပါရစေကွာ"

"ဟာ ... ဒီမှန်ပြောင်းက ဒီတစ်မျိုးပဲရှိတာမျိုးဗျ၊ ဒါကို

ကျုပ်က လူတကာကို ဘယ်ကြည့်ခွင့်ပေးနိုင်မလဲဗျ"

"ဒါဆို ... မင်းကို ငါ ဒီဝတ်ရုံ ရုံခွင့်ပြုမယ်လေ"

"ဟာ ... ဒီလိုညစ်ပတ်နေတဲ့ အဝတ်ဟောင်းကြီးကို ကျုပ်က ရုံကြည့်ပြီး ဘာလုပ်ရမှာလဲ"

"ညစ်ပတ်တယ် ... ဟုတ်လား၊ ဒီမယ် ကောင်လေး ... ဒီဝတ်ရုံက ကိုယ်ပျောက်ဝတ်ရုံကွ၊ မင်းရုံလိုက်ရင် ဘယ်သူကမှ မင်းကို မမြင်ရတော့ဘူး။ ကဲ ... ဘယ်လောက် အဖိုးတန်သလဲ၊ လာစမ်းပါ ... ငါ မင်းရဲ့မှန်ပြောင်းကို ခဏကြည့်စမ်းပါရစေ"

ဖိုးရှုပ်က စဉ်းစားသလိုလုပ်ပြီး ...

"ကဲ ကောင်းပြီလေ ... တစ်မိနစ်လောက်ပဲ ကြည့်ရမယ်နော်"

"အေးပါကွာ"

ဒါနဲ့ သူတို့နှစ်ယောက် အလဲအလှယ်လုပ်ကြတော့တာပေါ့။ အဘိုးအိုက ဝါးမှန်ပြောင်းကိုကြည့်နေစဉ်မှာ ဖိုးရှုပ်က သူ့ရဲ့ကိုယ်ပျောက်ဝတ်စုံကိုဝတ်ပြီး ကိုယ်ယောင်ဖျောက်သွားပါလေရော။

"ဟကောင်လေး . . . ငါ ဘာမှမမြင်ရပါလား"

ဘာမှ ပြန်ဖြေသံမကြားရတော့ . . . အဘိုးအိုလည်း လှည့်ပတ်ရှာပေမယ့် အဘိုးအို ဘယ်မှာမှ မတွေ့တော့ဘူးတဲ့ ကွယ်။

ဖိုးရှုပ်ကတော့ တောင်အောက်ကို ဆင်းသွားရာလမ်းတစ်လျှောက် တိရစ္ဆာန်တွေကိုလည်း လှောင်ပြောင်စနောက်ရင်း ကိုယ်ပျောက်ဝတ်စုံရဲ့အစွမ်းကို စမ်းကြည့်သွားတာပေါ့။

တိရစ္ဆာန်တွေတောင်မှ သူ့ကို မမြင်,မတွေ့ရဘူးတဲ့ ကွယ်။

လမ်းတစ်လျှောက် တွေ့မြင်သမျှကို စိတ်ကြိုက် နောက်လာလိုက်တာ နေအတော်စောင်းမှ အိမ်ပြန်ရောက်တော့တယ်။

အိမ်မှာက မြေးအဘွားနှစ်ယောက်တည်း ရှိတာဆိုတော့ . . .

"အဘွားရေ လာပါဦး . . . အဘွားကို သား ပြစရာရှိလို့"

ဘွားအေကြီးကလည်း မီးဖိုထဲက ထွက်လာပြီး . . .

"ဖိုးရှုပ် . . . အဘွားအလုပ်ရှုပ်နေတာနော်၊ ဟမ် . . .

ဒီကလေးလေး ဘယ်ရောက်သွားပါလိမ့် ... ကျွတ် ... အမြဲ ရှုတ်နောက်နေတဲ့ကလေးပဲ''

အဘွားအိုလည်း ရေချွတ်မြည်တမ်းရင်း အိမ်ထဲပြန်ဝင်ရန် ပြင်လိုက်တော့ ဖိုးရှုပ်ကို အပေါက်ဝမှာရပ်နေတာ တွေ့လိုက်ရပြန်တယ်။

''အဘွားတော့ မျက်စိမကောင်းတော့ဘူး။ သား ... ဒီမှာ တစ်ချိန်လုံး ရပ်နေတာကိုး''

''ဟုတ်လား''

အဲဒီညမှာ ဖိုးရှုပ်လည်း သူ့ရဲ့ကိုယ်ပျောက်ဝတ်ရုံကို ပစ္စည်းဟောင်းတွေထားတဲ့ ခြင်းထဲသိမ်းထားလိုက်ပြီး အိပ်ရာဝင်သွားတယ်။

နောက်တစ်နေ့မနက် သူ အိပ်ရာကနိုးတော့ နေအတော်မြင့်နေပြီ။

သူ့အဘွားက အိမ်ဘေးမှာအမှိုက်တွေ မီးပုံရှို့နေရာဆီ သူ့အကြည့်ရောက်သွားတော့ သူ မျက်လုံးပြူးကျယ်ပြီး ...

''အောင်မယ်လေး ... မလုပ်ပါနဲ့ အဘွား။ အဲဒီဝတ်စုံကို မီးမရှို့လိုက်ပါနဲ့''

"ဒီအဝတ်စုတ်ကို ...ဟုတ်လား၊ နောက်မနေနဲ့၊ အိမ်မှာ ဒီလိုအစုတ်တွေ မထားဘူး။ ဒီလို ညစ်ပတ်စုတ်ပြတ်နေတာမျိုး ဘယ်က ယူလာတာလဲဟင်"

ပြောပြောဆိုဆိုပဲ အဘွားက ကိုယ်ပျောက်ဝတ်စုံကို မီးထဲပစ် ထည့်လိုက်တော့သတဲ့။

ဖိုးရှုပ်လည်း ဘာမှမတတ်နိုင်တော့ ဝတ်ရုံတစ်ခုလုံး ပြာကျသွားတဲ့အထိ ရပ်ကြည့်နေရင်း အတွေးတစ်ချက် ခေါင်းထဲ ဝင်လာတယ်။

အဘွားဖြစ်သူ အိမ်ထဲဝင်သွားတာနဲ့ ကိုယ်ပေါ်က အဝတ်အစားတွေကို ချွတ်လိုက်ပြီး တစ်ကိုယ်လုံးကို ဝတ်ရုံက ပြာတွေ သုတ်လိမ်းလိုက်သတဲ့။

မကြာခင်မှာပဲ ... သူ့တစ်ကိုယ်လုံး ပျောက်သွားတာပေါ့။

သူ သဘောကျပြီး လမ်းမကြီးအတိုင်း ပြေးထွက်လာလိုက်တာ မြင်သမျှအရာအားလုံး စနောက်သွားသတဲ့။

သူ အလွန်ကြိုက်တဲ့ ပဲမုန့်ဆိုင်ရောက်တော့ ပဲမုန့်တွေကို အငမ်းမရ စားရင်း ယိုတွေကို လျှာနဲ့သပ်သပ်စားလိုက်တော့

ကံအားလျော်စွာ နွတ်ခမ်းက ပြာတွေကို သပ်မိပြီးသား ဖြစ်သွားတော့တာပေါ့။

ဆိုင်ရှင်က သူ့မုန့်တွေလျှော့နေတာ သိသွားတော့ ဟိုဒီလိုက်ကြည့်တော့ ပန်းနုရောင် နှုတ်ခမ်းလေးနှစ်ခု လေထဲမှာ တလှုပ်လှုပ် မျောနေတာ သွားတွေ့တယ်။

"အား သရဲ ... ငါ့မုန့်တွေခိုးစားတဲ့ သူခိုးသရဲကို ဖမ်းဖမ်းကြပါ"

ဖိုးရှုပ်က ရယ်မောပြီး ထွက်ပြေးလာတော့ မုန့်ဆိုင်မှ လူကြီးနဲ့ လူအချို့ သူ့နောက်က ပြေးလိုက်လာကြသတဲ့။

အဲဒီမှာပဲ သူ့မှာ ပြေးလွှားနေရတော့ ချွေးတွေစီးကျလာတော့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေဟာ တဖြည်းဖြည်းချင်း ပေါ်လာတာပေါ့။

သူလည်း ပြေးလာလိုက်တာ ရှေ့မှာ မြစ်ဆိပ်ပဲရှိတော့တာဆိုတော့ နောက်ဆုံး မြစ်ထဲခုန်ချလိုက်ရတော့တာပေါ့။ သူတစ်ကိုယ်လုံးလည်း ပြာတွေမရှိတော့ဘူးလေ။ သူလုပ်လို့ ပျက်စီးခဲ့သမျှတွေအတွက် လျော်ကြေးအဖြစ် အလုပ်လုပ်ပေးရတာပေါ့ကွယ်။

ကိုယ်ပျောက်ဝတ်ရုံပိုင်ရှင် အဘိုးအိုကတော့ ထင်းရှူးပင် မြင့်ကြီးထိပ်ပေါ်ကနေ ဝါးမှန်ပြောင်းနဲ့ ဖိုးရှုပ်ကို ရှာနေဆဲပေါ့ ကွယ်။

❋ ❋ ❋

# ဖြိုးကြွာဗွတ်ရဲ့ထုံ့ထပ်ဈေးရှူး

ဟိုးရှေးရှေးတုန်းကပေါ့ကွယ် ...

တောနက်နက်ထဲမှာ ကြွင်နာသနားတတ်တဲ့ အဘိုးအို လင်မယား တဲငယ်လေးတစ်လုံးမှာ နေထိုင်ကြသတဲ့။

အေးချမ်း ရိုးသားစွာနဲ့ နေထိုင်ရတဲ့ သူတို့ဘဝကိုသူတို့ ကျေနပ်ပျော်ရွှင်နေ ကြတာပေါ့။

တစ်နေ့မှာ အဘိုးအိုဟာ ခါတိုင်းလို ထင်းခွေထွက်လာခဲ့ တယ်။

ညနေရောက်လို့ အိမ်အပြန်လမ်းမှာ တစာစာအော်နေတဲ့

အသံတစ်သံကို ကြားလိုက်ရသတဲ့။

အသံလာရာကြည့်မိတော့ အေးစိမ့်ပြီးခဲနေတဲ့ စိမ့်မြေတောမှာ မုခိုးရဲ့ထောင်ချောက်မိနေတဲ့ ကြိုးကြာငှက်တစ်ကောင် တွေ့လိုက်ရတယ်။

အဘိုးအိုလည်း ဒူးထောက်ထိုင်ချလိုက်ပြီး ကြိုးကြာငှက်လေးကို ထောင်ချောက်ကနေ ဖြည်လွှတ်ပေးလိုက်တယ်။

ကြိုးကြာငှက်လေးဟာ အတောင်ပံတွေကို လှုပ်ခါပြီး ဝမ်းမြောက်စွာ အော်မြည်လိုက်ရင်း နှင်းဖြူဖြူများ ဖုံးလွှမ်းနေသော အဝေးကောင်းကင်ဆီ ပျံသန်းသွားတော့တယ်။

အဲဒီညမှာပဲ အဘိုးအိုတို့နှစ်ဦး အိပ်ရာဝင်စမှာပဲ အိမ်တံခါးခေါက်သံသဲ့သဲ့ ကြားလိုက်ရသတဲ့။

အဘိုးအိုလင်မယားလည်း တံခါးဖွင့်ကြည့်လိုက်ရာ ချစ်စဖွယ်မိန်းမပျိုလေးတစ်ဦး ရပ်နေတာတွေ့တော့ အံ့အားသင့်နေတာပေါ့။

"နှောင့်ယှက်မိတဲ့အတွက် တောင်းပန်ပါတယ် အဘိုးရယ်၊ ဒါပေမဲ့ . . . ကျွန်မ လမ်းပျောက်နေလို့ပါ"

"အထဲဝင်ပါ ကလေးရယ် . . . ဘုရားမလို့ပေါ့ကွယ်၊

မင်းတော့ အအေးမိတော့မှာပဲ''

အဘိုးအိုက မိန်းမပျိုလေးကို မီးလင်းဖိုလေးဘေးမှာ နေရာပေးပြီး အဘွားအိုက ဆန်ပြုတ်ပူပူလေး ယူလာပေးသတဲ့။

''ကျေးဇူးအများကြီးတင်ပါတယ် အဘိုးနဲ့အဘွား''

''သမီးက ဘယ်ကိုသွားမှာလဲ''

''တကယ်တော့ သမီး ဘယ်သွားလို့ ဘယ်လာရမှန်း မသိသေးပါဘူး''

''အိုကွယ် ... ဒါဆိုလည်း အဘွားတို့နဲ့ နေချင်သလောက်နေပါ၊ အဘွားတို့အတွက် အဖော်တောင်ရပါသေးတယ်''

သည်လိုနဲ့ အဲသည်ညမှာပဲ အဘိုးအိုလင်မယားက နှစ်ခြိုက်စွာ အိပ်ပျော်သွားသတဲ့။

အဲဒီအချိန်မှာ ...

မိန်းမပျိုလေးက သူတို့နိုးလာရင် ဆန်ပြုတ်အသင့်လုပ်ထားဖို့ မီးဖိုထဲရှာပေမယ့် ဆန်တစ်စေ့၊ ဆီတစ်စက်တောင် မတွေ့ရဘူးတဲ့လေ။

ရွှေဝေစာပေ

ဘောင်းနဲ့အပြည့် ချည်လုံးတွေပဲ တွေ့သတဲ့။ ဒါနဲ့ အဲဒီ ချည်လုံးတွေကိုယူပြီး မီးဖိုခန်းထဲရောက်တော့ တံခါးပိတ်ပြီး ရက်ကန်းခတ်လိုက်တယ်။

အဘိုးအိုတို့လင်မယား အိပ်ရာကနိုးလို့ အခန်းဝကြည့်လိုက်တော့ အလွန်လှပဆန်းကြယ်သော ပိုးထည်စကို ထိုင်ရက်နေသော မိန်းမပျိုကို တွေ့လိုက်ရတယ်။

"ဒါ . . . သမီး အဘိုးတို့အတွက် ရက်တာပါ၊ ဒီပိတ်စကို ယူပြီး သွားရောင်းပါ အဘိုး၊ လိုအပ်တာတွေ ဝယ်ခဲ့ပါ"

အဘိုးအိုဟာ အရမ်းဝမ်းသာသွားတာပေါ့။ ဒီလိုနဲ့ မြို့တက်ပြီး အဝတ်စရောင်းတာ ဈေးကောင်းကောင်းရတော့ စားစရာနဲ့ မိန်းမပျိုလေးအတွက် ဘီးတစ်ချောင်းပါ ဝယ်လာခဲ့သတဲ့။

"အဘိုးတို့ကို ခွင့်တောင်းစရာတစ်ခု ရှိပါတယ်၊ သမီး ရက်ကန်းရက်နေတုန်းမှာ အခန်းထဲ ဝင်မကြည့်ပါနဲ့နော်"

အဘိုးအိုတို့လည်း ခေါင်းညိတ်ကတိပေးလိုက်ကြတယ်။

အဲဒီညကစလို့ မိန်းမပျိုလေးဟာ ညစဉ်ညတိုင်း လှပတဲ့ အထည်ဆန်းတွေ ရက်လုပ်ပေးခဲ့တာ အဘိုးအိုရဲ့ မီးဖိုချောင်ထဲ

လပေါင်းများစွာ စားမကုန်တဲ့ရိက္ခာတွေ ပြည့်လျှံလာသတဲ့။

ဒါပေမဲ့ ... တစ်နေ့ထက်တစ်နေ့ မိန်းမပျိုလေးက ပိုပြီး ဖျော့တော့ပိန်လှီ အားနည်းလာတဲ့အသွင် တွေ့ရသတဲ့ကွယ်။

အဘွားအိုတို့လင်မယားက အစာကို ချော့မော့ကျွေးပေမယ့် သူမလေးက ခေါင်းခါငြင်းဆန်ပြီး ...

"ဒီတစ်လိပ်တည်းပါ"

လို့ ပြောပြီး ရက်ကန်းခတ်ရာအခန်းထဲ ဒယီးဒယိုင် ဝင်သွားသတဲ့။

အဘိုးအိုလင်မယားဟာ သူမလေးရဲ့ရက်ကန်းခတ်သံကို နားစွင့်ရင်း ...

"ရက်ကန်းခတ်သံ နားထောင်ကြည့်စမ်းပါတော် ... ခါတိုင်းနဲ့ မတူဘူးနော်၊ ကျုပ်တော့ တစ်ခုခုဖြစ်နေပြီ ထင်တာပဲ"

"ဒီလိုမလုပ်နဲ့လေတော် ... တော်ပဲ ကတိပေးထားပြီး"

"မတတ်နိုင်ဘူးကွာ၊ သူ့ကို စိုးရိမ်လို့ပဲဟာ"

အဘိုးအိုက စိုးရိမ်စိတ်နဲ့ သူမလေးအခန်းတံခါးကို

နည်းနည်းလေးဟပြီး ချောင်းကြည့်လိုက်တယ်။

သူမြင်လိုက်ရတာက ...

"ဘုရားရေ"

ရက်ကန်းစင်ရဲ့အရှေ့မှာထိုင်နေတာက ကြိုးကြာဖြူလေးတစ်ကောင်။

အဘိုးအိုကြည့်နေတုန်းပဲ ကြိုးကြာဖြူကလေးဟာ သူ့တောင်ပံတစ်ခုကိုယူပြီး ရက်နေတဲ့အဝတ်စမှာ ထည့်ရက်နေတယ်။

တုန်တုန်ယင်ယင်နဲ့ နောက်တောင်ပံတစ်ခု ဆွဲထုတ်နေတုန်းမှာ အဘိုးအိုက တံခါးကို ဆွဲဖွင့်လိုက်တယ်။

အဲဒီမှာ ကြိုးကြာလေး လန့်ဖျပ်သွားပြီး အဘိုးအိုမျက်စိအောက်မှာပဲ ချစ်စရာမိန်းမပျိုလေးအသွင် ပေါ်လာတယ်။

"မင်း ... မင်းဟာ"

"ဟုတ်ပါတယ်၊ ကျွန်မဟာ အဘိုးကယ်လိုက်တဲ့ ကြိုးကြာလေးပါ"

"ဟယ်"

"ဟုတ်ပါတယ် ... အဘိုးက ကျွန်မအသက်ကို

ကယ်လိုက်တယ်လေ၊ အဲဒီကျေးဇူး ဆပ်ချင်လွန်းလို့ပါ။ ဒါပေမဲ့ ...ခု အဘိုးက ကျွန်မအကြောင်း သိသွားပြီဆိုတော့ ကျွန်မ ဒီမှာ အမြဲနေချင်ပါတယ်၊ ဒါပေမဲ့ ...ကျွန်မ သွားရတော့မယ်''

ဝမ်းနည်းဆွေးမြည့်တဲ့အကြည့်နဲ့ အဘိုးအိုကို တစ်ချက်ကြည့်ရင်း အိမ်ထဲမှ ပြေးထွက်သွားလိုက်တာ တဖြည်းဖြည်းကြိုးကြာငှက်ကလေးတစ်ကောင် ဖြစ်သွားပါလေရော။

''အဘိုးနဲ့အဘွားကို ဘယ်တော့မှ မမေ့လိုက်ပါနဲ့ ငါ့ မြေးရယ်''

အဘွားအိုက နောက်မှအော်ပြောရင်း သူမဘီးလေးကို ကောင်းကင်ပေါ် ပစ်တင်ပေးလိုက်ရာ ကြိုးကြာလေးက ဝမ်းနည်းသံ မြည်တမ်းပြီး ဘီးလေးကို ဖမ်းယူလိုက်ရှာသတဲ့။

အဲဒီနောက်မှာတော့ ဟိုးလရောင်ဝင်းနေတဲ့ တိမ်အုပ်ရှိရာ ကောင်းကင်မြင့်ဆီ တစ်ဟုန်ထိုး ပျံသန်းပျောက်ကွယ်သွားတော့သတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

❋ ❋ ❋

## ပုဆိန်နို့ထမင်း

တစ်ခါတုန်းကပေါ့ကွယ် ...

ခရီးသွားလူရွယ်တစ်ဦးဟာ အဝေးမှာ အလုပ်လုပ်ပြီး သူ့ရွာသူပြန်လာတာပေါ့။ ကုန်းကြောင်းလျှောက်ပြန်လာရတော့ မောလည်းမော၊ ထမင်းလည်းဆာလာတာပေါ့ကွယ်။

သည်တော့ ရွာစွန်နားမှာ တဲလေးတစ်လုံး လှမ်းမြင်တာနဲ့ အကူအညီတောင်းဖို့ ဝင်လာသတဲ့။

တဲထဲက အမယ်အိုတစ်ဦး ထွက်လာပြီး အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်သတဲ့။

"အဘွား ... ကျွန်တော် ထမင်းဆာလို့ စားစရာများ ရှိရင် ပေးပါလားခင်ဗျာ"

အမယ်ကြီးမှာ စားစရာတွေတော့ရှိသတဲ့။ ဒါပေမဲ့ တယ်ပြီး ကပ်စေးနဲတယ်ဆိုပဲ။

"အားလည်းနာပါရဲ့ သူငယ်ရယ်၊ စားစရာမရှိလို့ အဘွားတောင် ၂-ရက်ရှိပြီ၊ ဘာမှမစားရတာ"

"ဟုတ်ကဲ့ ... မရှိဘူးဆိုရင်လည်း မရှိဘူးပေါ့ အဘွားရယ်"

လို့ပြောရင်း အိမ်ထဲမှာ ဟိုကြည့်သည်ကြည့် ကြည့်တော့ အရိုးချွတ်ထားတဲ့ ပုဆိန်ခေါင်းတစ်ခုကို တွေ့သတဲ့။ သည်တော့

"ဘာမှမရှိဘူးဆိုရင်လည်း ဟောဒီပုဆိန်ကိုပဲ နို့ထမင်း ကျိုရမှာပဲ"

သည်တော့ အမယ်ကြီးက မျက်ဆန်ပြူး အံ့အားသင့်ဟန်နှင့် ...

"ဟယ် ... ပုဆိန်ကို နို့ထမင်းကျိုလို့ ဘယ်ဖြစ်နိုင်မှာလဲကွယ်"

"ဖြစ်နိုင်ပါသကော အဘွားရယ်၊ အိုးတစ်လုံးသာပေးပါ

ရွှေအသောကဝေ

ကျို့ပြပါ့မယ်''

အမယ်အိုကြီး အိုးယူလာပေးတော့ လူရွယ်က ပုဆိန်ကို စင်ကြယ်စွာဆေးပြီး အိုးထဲထည့်သတဲ့။ နောက် ... ရေဖြည့်ပြီး မီးဖိုပေါ်တည်သတဲ့။ အမယ်ကြီးက တအံ့တသြနဲ့ မျက်လုံးပြူး ကြည့်နေတာပေါ့။

အတန်ကြာတော့ လူရွယ်က ဇွန်းတစ်ချောင်းနဲ့ အိုးကို မွှေပြီး မြည်းကြည့်သတဲ့။

''အင်း ... အတော်ကလေးနူးလာပြီ၊ ဒါပေမဲ့ ဆား နည်းနည်းလိုနေတယ်၊ အဘွားမှာ ဆားလေးများ မရှိဘူးလား''

''ဆားလား ... ရှိတာပေါ့၊ ရော့''

သည်တော့ လူရွယ်က ဆားခပ်ပြီး မြည်းကြည့်ပြန် သတဲ့။

''အင်း ... ဆားကတော့ အတော်ပဲ၊ ဒါပေမဲ့ ... နည်းနည်းကျဲနေသေးတယ်၊ ဆန်နည်းနည်းလောက်များ မရှိဘူး လား အဘွားရယ်''

''ရှိတာပေါ့တော် ... ရော့''

လူရွယ်လည်း အိုးထဲ ဆန်ထည့်မွှေတော့တာပေါ့။ အိုးက

ပွက်ပွက်ဆူလာပြန်တော့ ဖွန်းနဲ့မြည်းပြန်သတဲ့။

ပြီးတော့ ...

"အင်း ... သိပ်အရသာရှိတယ်၊ နွားနို့ပဲ လိုနေတယ်၊ နွားနို့နည်းနည်းလောက်များ မရှိဘူးလား အဘွားရယ်"

"ရှိတာပေါ့ ... ရော့"

သည်တော့ လူရွှယ်လည်း အိုးထဲ နွားနို့လောင်းထည့်ပြီး မွှေသတဲ့။

"ကဲ ... အဘွားမြည်းကြည့်စမ်းပါဦး၊ ပုဆိန်နို့ထမင်းဆိုတာ အဲဒါပေါ့"

အမယ်အိုက မြည်းကြည့်ပြီး ...

"အောင်မယ် ... တယ်ကောင်းပါလား၊ ပုဆိန်ကို နို့ထမင်းကျိုလို့ဖြစ်တာ အခုမှပဲ တွေ့ဖူးတော့တယ်"

လို့ ချီးမွမ်းလိုက်သတဲ့။

လူရွှယ်ကတော့ ဝမ်းထဲက ကျိတ်ပြုံးပြီး နို့ထမင်းကို ခေါင်းမဖော်တမ်း သောက်နေတော့သတဲ့ကွယ်။

❋ ❋ ❋

## တရားရဲ့သား

ဟိုးအခါက ...

မောင်ပိန်ဆိုသူက အိမ်နီးချင်းတစ်ဦးထံမှ အိုးတစ်အိုး ငှားသည်။

ဆယ်ရက်လောက်ကြာသောအခါ အိုးထဲတွင် အိုးငယ်လေးတစ်လုံးထည့် အိုးရှင်ထံသို့ ပြန်ပို့သည်။

အိုးရှင်လည်း အိုးငယ်ကလေးကိုတွေ့သောအခါ ...

"သည်အိုးလေးက ဘာလဲဗျ"

"ဪ ... ကျွန်တော်ငှားတုန်းက ခင်ဗျားအိုးဟာ

မမာမချာကြီးနဲ့ဗျာ၊ တစ်ရက်နှစ်ရက်လောက်လည်းရှိရော ဟော သည့်အိုးကလေးကို မွေးတာပါပဲ"

"သည့်လိုလား ... ကောင်းပါ့ဗျာ၊ နောက်ကို အိုးအသုံး လိုရင် လာပါ၊ ငှားပါဦးနော်"

အိုးရှင်က ဝမ်းသာအားရပြော၍ အိုးနှစ်လုံးလုံးကို ကောက်ယူသိမ်းထားလိုက်တော့၏။

ရက်အနည်းငယ်ကြာသောအခါ မောင်ပိန်သည် အိုးရှင် ထံမှအိုးကို လာရောက်ငှားယူသွား ပြန်သည်။

တစ်လမျှကြာသည့်အထိ မောင်ပိန် အိုးကို ပြန်မပေးဘဲ နေသောအခါ အိုးရှင် စိတ်ပူကာ လိုက်လာတော့၏။

မောင်ပိန်က အိမ်ထဲမှ မျက်ရည်လည်ရွဲနှင့်ထွက်လာ ပြီး ...

"ကံအကြောင်းတရားပဲ ထင်ပါရဲ့ဗျာ၊ ခင်ဗျားအိုးဟာ လေ အိမ်ရောက်လို့ တစ်ပတ်လည်းရှိရော အနိစ္စရောက်ပါလေ ရော၊ ရက်လည်တော့ သပိတ်ဆွမ်းသွပ်ရအောင် ကျွန်တော် လာပြောမယ် ကြံပါသေးတယ်၊ ကိစ္စတွေများနေလို့ မပြောဖြစ် တော့ဘူး"

ထိုအခါ အိုးရှင်မှာ အလွန်စိတ်ဆိုးသွားပြီး ...

"အရှူးလို ယုံတမ်းစကားတွေ ပြောမနေပါနဲ့၊ အနိစ္စရောက်တဲ့အိုးရယ်လို့ လောကမှာ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ကျုပ်အိုး ပြန်ပေးပါ"

"ဩော် ... ခင်ဗျားလည်း အတော်ပဲ မတရားစကားကို ပြောတတ်တယ်နော်၊ အရင်တုန်းက ခင်ဗျားအိုးကြီးက အိုးကလေးတစ်လုံး မွေးတယ်ဆိုတော့ ယုံတယ်၊ ခု ... ခင်ဗျားအိုး အနိစ္စရောက်တယ်ဆိုတော့ မယုံဘူးဆိုတော့ တရားရဲ့လားဗျာ"

အိုးရှင်လည်း မချေပနိုင်ဘဲ ငေးမှိုင်ပြန်သွားရတော့၏။

❋ ❋ ❋

# ကြော် ရိုးချက်

တစ်ခါတုန်းကပေါ့ကွယ် ...

ရွာတစ်ရွာမှာ မောင်ရိုးဆိုတဲ့ လူတစ်ယောက်ဆီမှာ အလွန်ငွေ့တတ်၊ ကန်တတ်သော နွားမ အမြဲတစ်ကောင် ရှိသတဲ့။

ဒါကြောင့် ဒီနွားမကို သွားရောင်းပစ်ရန် မောင်ရိုးမိန်းမက နိုင်းလိုက်တာပေါ့။

ဒါကြောင့် ... မောင်ရိုးလည်း နွားမကို ဈေးကိုဆွဲခေါ်လာတာပေါ့ကွယ်။

ဈေးကိုရောက်တဲ့အခါ မောင်ရိုးက ခုလို အော်ရောင်းသတဲ့။

"မိတ်ဆွေတို့ နွားမတစ်ကောင်ရောင်းဖို့ ရှိပါတယ်၊ သည်နွားကိုဝယ်ရင် နွားနို့ရမယ်, မရဘူးတော့ မပြောတတ်ပါဘူး၊ အငွေ့အကာန်ခံရမှာတော့ သေချာပါတယ်"

အဲဒီလိုအော်တော့ ဈေးဝယ်သမားများက သူ့ရဲ့နွားမကို ဝယ်ဖို့ဝေးစွ စောင်းလို့ပင် မကြည့်ကြဘူးပေါ့။ အဲဒီအခါ နွားကုန်သည်တစ်ဦးက ...

"မိတ်ဆွေ ... နွားကို သည်လိုပြောရောင်းလို့ ဘယ်သူဝယ်မလဲ၊ ပေး ... ကျုပ် ရောင်းပေးမယ်"

လို့ပြောပြီး နွားကို ဆွဲခေါ်သွားသတဲ့။

"မိတ်ဆွေတို့ ... နို့စားနွားမကောင်းကောင်းတစ်ကောင် ရောင်းဖို့ရှိပါတယ်၊ သဘောလည်းကောင်း၊ နွားနို့က လည်း တစ်နေ့ ဆယ့်ငါးခွက် ပေးပါတယ်"

အဲဒီစကားကြားတာနဲ့ မောင်ရိုးဟာ နွားကုန်သည်လက်ထဲက နွားမကို အတင်းပြန်ဆွဲယူပြီး ...

"ကျုပ်နွားက တစ်နေ့ကို နွားနို့ဆယ့်ငါးခွက်ပေးတယ်၊

သဘောလည်း ကောင်းတယ်ဆိုရင် ရောင်းလို့ ဘယ်ဖြစ်တော့မလဲဗျ''

လို့ပြောပြီး သူ့နွားကို ပြန်ဆွဲယူသွားသတော့တဲ့ကွယ်။

ဩော် ... ရိုးချက်နှယ်။

❋ ❋ ❋

## ခွေးအ ဆင်သားစားရပုံ

တစ်ခါတုန်းက ...

တောကြီးတစ်ခုထဲမှာ ခွေးအတစ်ကောင် ရှိသတဲ့။ ခွေးအ,ဆိုတဲ့သတ္တဝါမျိုးက ကိုယ့်အစာ ကိုယ်ရှာမစားဘူးဆိုပဲ။ ခြင်္သေ့တို့၊ ကျားတို့ စားပြီးကျန်နေတဲ့ အရိုးအရင်းသာ လိုက်ရှာစားသတဲ့။

တစ်နေ့မှာတော့ ... ခွေးအဟာ တောလည်နေရင်းနဲ့ ဆင်သေကြီးတစ်ကောင် သွားတွေ့တာကိုး။ သည်တော့ ဆင်သား စားမဟဲ့ဆိုပြီး ပြေးကိုက်လိုက်တာ ဆင်ရေခွံက မာလွန်း

ထူလွန်းလို့ သွားတွေကျိုးတော့မတတ် ဖြစ်သွားတာပေါ့။

"အင်း ... အရေခွံက သည်လောက်မာပြီးထူနေရင် ငါတော့ ဆင်သားစားရတော့မှာ မဟုတ်ဘူး"

လို့တွေးပြီး ငိုင်နေတုန်းမှာ ခြင်္သေ့ကြီးတစ်ကောင် တောထဲက ထွက်လာတာ မြင်လိုက်ရသတဲ့။

"အင်း ... ခြင်္သေ့ကြီး သည်ဆင်သားစားရင် ငါလည်း အရိုးအရင်းတော့ ကိုက်ရမှာပဲ"

ဆိုပြီး ခြင်္သေ့ကြီးကို ခယယ ဆီးကြိုဖိတ်ခေါ်လိုက်တယ်။

"အို တောကြီးသခင် အရှင်ခြင်္သေ့ကြီး ... အရှင် ပွဲတော်တည်ရအောင် ဟောဒီဆင်သေကြီးကို ကျွန်ုပ် စောင့်ရှောက်နေပါတယ်၊ အရှင်သင့်ပွဲတော်တည်ပါလော့"

သည်တော့ ခြင်္သေ့ကြီးက ကျေနပ်စွာနဲ့ ...

"အမောင်ခွေးအ ... ကျွန်ုပ်တို့ခြင်္သေ့မည်သည်မှာ သူတစ်ပါးသတ်ထားသော သတ္တဝါကို စားသုံးရိုးထုံးစံ မရှိပါဘူး၊ သည်ဆင်သေကို အမောင့်သဘောအတိုင်း စားသုံးဖို့ရန် ကျွန်ုပ် ပေးအပ်ပါတယ်"

လို့ပြောဆိုပြီး တောထဲဝင်သွားသတဲ့။

ခြသေ့်ကြီးဝင်သွားလို့ ခဏအကြာမှာ ကျားကြီးတစ်ကောင် ရောက်လာပြန်တယ်။ သည်တော့ ခွေးအ, တွေးပြန်တယ်။

"ဟိုခြသေ့်ကိုတော့ ရှိသေဟန်လုပ်ပြီး ငါလှည့်ထုတ်လိုက်ပြီ၊ သည်ကျားကို ဘယ်လိုလုပ်ရပါ့မလဲ"

"ကျားဆိုတာက သတ္တိကောင်းတဲ့ သူရဲကောင်းမျိုး၊ ကြောက်စရာကြီး။ သည်တော့ ပရိယာယ်မာယာနဲ့ ဖြားယောင်းသွေးဆောင်ပြီး လှည့်ထုတ်ရမှာပေါ့လေ"

အဲသလိုတွေးပြီး ခွေးအဟာ မျက်နှာကလေးငယ်ငယ် စိုးရိမ်ဖွယ်မကောင်းပုံနဲ့ ကျားကြီးကိုပြောသတဲ့။

"အို အဆွေကျား . . . အန္တရာယ်များတဲ့ သည်အရပ်ကို ဘာကြောင့်များ ချဉ်းကပ်လာပါသလဲ၊ ဟောသည် ဆင်သေဟာ ခြသေ့်ကြီးတစ်ကောင် ခုတ်သတ်ပြီး ကျွန်တော့်ကို စောင့်ထားဖို့ ပေးအပ်ခဲ့တာပါ၊ သူသွားတော့ အမိန့်ပေးပါသေးတယ် . . .

"ဟေး ခွေးအ . . . တခြားက ကျားများလာရင် ငါ့ရှိရာ အမြန်ပြေးပြီး သတင်းပေးရမယ်"

တဲ့၊ သည်တောထဲမှာ ကျားမျိုးပြုတ်အောင် ငါဖြုတ်ဖို့ ကြိုးစားနေတယ်၊ ဘာကြောင့်လဲဆိုတော့ တစ်ခါတုန်းက ငါ သတ်တဲ့ဆင်ကြီးကို ကျားတစ်ကောင် အလစ်ဝင်စားလို့ အသား ဆို မကျန်တော့ဘဲ အရိုးသာ ငါစားရတော့တယ်၊ အဲဒီကတည်း က ကျားဆိုရင် အရှင်မထားဘဲ အမျိုးဖြုတ်မယ်လို့ ဆုံးဖြတ်ခဲ့ တယ်တဲ့''

ခွေးအ,စကားကို ကျားကြီး ကြားရော ထိတ်လန့်ပြီး သူရောက်လာတာ ခြင်္သေ့ကြီးမသိပါစေနဲ့လို့ပြောပြီး ပြေးထွက် သွားပါလေရောတဲ့။

ကျားကြီးသွားနှလို့ ဘာမှမကြာသေးဘူး။ ကျားသစ် ပြောက်တစ်ကောင် ရောက်လာပြန်သတဲ့။ သည်တော့ ခွေးအ အကြံထုတ်ပြန်တယ်။

''ကျားသစ်ဆိုတာ သွားအင်မတန်ထက်တယ်၊ ဆင်ရေ ကို ကိုက်ဖြတ်နိုင်သတဲ့၊ သည်တော့ ကျားသစ်ကို ဆင်ရေဖြတ် ခိုင်းပြီး ဆင်သား ငါစားရရင် ကောင်းမှာပဲ''

အကြံထုတ်ပြီး သူ လှမ်းအော်ပြောလိုက်တာက ...

''အိုးမိတ်ဆွေ ... ဟောသည်ဆင်ကြီးကို ခြင်္သေ့ကြီး

တစ်ကောင်က အုပ်သတ်ပြီး ကျုပ်ကို အပ်ခဲ့ပါတယ်၊ မိတ်ဆွေက လည်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့ မိတ်ဆွေကို ဧည့်ခံပါရစေ၊ ကဲ ... စားကြည့်စမ်းပါ''

ထိုအခါ ဆင်သားစားချင်လို့ သွားရည်ယိုနေတဲ့ ကျား သစ်ကလည်း ဘာပြောကောင်းမလဲ သူ့သွားထက်ထက်မြက် မြက်တွေနဲ့ ကိုက်ဖြတ်စားတော့တာပေါ့။ အရေခွံပေါက်ပြီး အသား တွေပေါ်လာတော့ ခွေးအ,က အော်တော့တာပေါ့။

''မြန်မြန်ပြေးဗျို့ ... ခြင်္သေ့ကြီး လာနေပြီ''

ခွေးအ ခြောက်လိုက်တယ်ဆိုရင်ပဲ ကျားသစ်လည်း ကြောက်ကြောက်နဲ့ လစ်တော့တာပေါ့။ အဲဒီအခါမှ ခွေးအဟာ ဆင်သားကို အားရပါးရ စားနေတော့တာပေါ့ကွယ်။

အဲသည်လို စားနေတုန်း အခြားခွေးအတစ်ကောင် ရောက်လာတော့ တစ်ဟုန်ထိုးကိုက်လိုက်တာ အဲဒီခွေးအလည်း တန်းနေအောင်ပြေးတော့တာပဲတဲ့။

ကဲ ... ကလေးတို့လည်း သည်စာလေးကို မှတ်ထားရ မယ်နော်။

ကြီးမြတ်သူကို ပူဇော်ပါ။

၇၂ ဟန်နီဦး

ရဲရင့်သူကို လှည့်စားပါ။
ကြောက်တတ်သူကို ပေးကမ်းပါ။
တန်းတူချင်းကို တိုက်ထုတ်ပါ။

❋ ❋ ❋

## ထားချစ်မြွေပါ

ဟိုးရှေးရှေးတုန်းက ...

အိန္ဒိယပြည်က ရွာကလေးတစ်ရွာမှာ ပုဏ္ဏားလင်မယား ရှိသတဲ့။ သူတို့မှာ သားကလေး ထွန်းကားတော့ ပုခက်ကလေး နဲ့ထည့်ပြီး သိပ်ထားလေ့ရှိတယ်ပေါ့ကွယ်။

တစ်နေ့ကျတော့ ပုဏ္ဏားမဟာ တောထဲကို ထင်းခွေ သွားရင်း တောင်ကျရေနဲ့မျောပါလာတဲ့ မြွေပါကလေးတစ်ကောင် ကို ကောက်ယူလာပြီ မိမိသားငယ်နဲ့အတူ မွေးထားသတဲ့။ အင် မတန်လည်း ချစ်တယ်ဆိုပဲ။

သားကိုရေချိုးပေးရင် မြွေပါကိုလည်း ရေချိုးပေးသတဲ့။ သားကို နို့တိုက်ရင် မြွေပါကိုလည်း နို့တိုက်သတဲ့။

အဲသည်လို အင်မတန်ချစ်ပေမယ့် ပုဏ္ဏားမက မြွေပါလေးကို မယုံဘူး။

မြွေပါဆိုတာ တောရိုင်းတိရစ္ဆာန်ပဲ၊ စိတ်မချရဘူးလို့ သဘောထားသတဲ့။

တစ်နေ့မှာ ပုဏ္ဏားမက ...

''ကျွန်မ ရေခပ်သွားချေဦးမယ်၊ သားကလေးကို ကြည့်လိုက်စမ်းပါ''

အဲသလိုပြောပြီး ရေအိုးရွက်ပြီး တောစပ်ထွက်သွားသတဲ့။ သားငယ်လေးက ပုခက်ထဲမှာ အိပ်ပျော်လျက်။ မြွေပါကလေးက ပုခက်နားမှာ ကစားလျက်။ ပုဏ္ဏားကြီးက ပုရပိုက်ဖွင့်ပြီး စာဖတ်လျက်။

ခဏကြာတော့ ပုဏ္ဏားကြီးက ရွာထဲကိုထွက်သွားပါလေရဲ့။ အဲဒီအချိန်မှာပဲ မြွေဟောက်ကြီးတစ်ကောင်က ချုံပုတ်ထဲက ထွက်လာတာကို ပုခက်နား ခုန်ပေါက်ကစားနေတဲ့ မြွေပါက မြင်လိုက်တော့ ...

"အောင်မယ်လေး ...သည့်မြွေဟောက် ငါ့ညီတော်လှူကလေးကို ကိုက်တော့မှာပဲ"

ဆိုပြီး ပြေးထွက်သွားသတဲ့။

မြွေနဲ့မြွေပါဆိုတာက ကမ္ဘာ့ရန်ကွဲ။ ဘယ်တော့မှမတည့်ဘူး။ သူတို့နှစ်ကောင် ဆုံတာနဲ့ မြွေကလည်း ပေါက်တာပဲ။ မြွေပါကလည်း ရှောင်တာပဲ။

အတော်ကြာလို့ မြွေမောသွားတဲ့အခါ မြွေပါက ချက်ကောင်းကိုဝင်ပြီး ကိုက်သတ်ပစ်လိုက်တာပေါ့။ အခုလည်း မြွေပါကလေးက မြွေကြီးနဲ့စစ်ခင်းပြီး နောက်ဆုံး သွေးသံတရဲရဲနဲ့ အတုံးတုံး အတစ်တစ်ဖြစ်အောင် ကိုက်ဖြတ်သတ်လိုက်ပြီး သူ့သခင်မရှိရာ ပြေးတော့တာပဲ။

သူက သားလေးကို မြွေဟောက်ကြီးဘေးရန်က ကာကွယ်လိုက်တယ်ဆိုတာကို ပြချင်တာကိုး။ ဒါကြောင့် ပုဏ္ဏားမဆီ ပြေးတာ။ လမ်းတစ်ဝက်ရောက်တော့ ရေအိုးရွက်လာတဲ့ ပုဏ္ဏားမကြီးနဲ့ သွားဆုံပါလေရော။

သည့်တော့ ပုဏ္ဏားမကြီးက မြွေပါရဲ့ကိုယ်မှာ သွေးသံတရဲရဲကိုမြင်တော့ ...

"ကေနေ့ ... ငါ့သားငယ်ကို သည်မြေပြ ကိုက်သတ်ခဲ့ပြီ နဲ့ တူပါရဲ့၊ သားအရင်းလို ငါက ချစ်လျက်နဲ့ ဒင်းက ရက်စက်တာကိုး"

လို့ မဆင်မခြင် အထင်မှားပြီး ခေါင်းပေါ်ကရှက်လာတဲ့ ရေအိုးနဲ့ မြေပြကို ပစ်ပေါက်လိုက်တာ မြေပြလေး သေရှာပါရောကွယ်။

ဒေါနဲ့မောနဲ့ အိမ်ပြန်ပြေးလာပြီး ကလေးကိုရှာတော့ ကလေးက ပုခက်ထဲမှာ နှစ်ခြိုက်စွာအိပ်ပျော်နေတာ တွေ့လိုက်ရပြီး အိမ်ရှေ့မှ မြွေဟောက်သေကို မြင်လိုက်ရပြီး ...

"အောင်မယ်လေး ... မှားပါပေါ့လား"

ရင်ဘတ်စည်တီးပြီး အော်ဟစ်ငိုနေရှာတော့သတဲ့ကွယ်။

❋ ❋ ❋

## မဆင်ခြင်သူ

တစ်ခါတုန်းက ...

တောအုပ်ကြီးတစ်ခုထဲ ခြသေ့ကြီးတစ်ကောင် အစာရှာထွက်လာလိုက်တာ နေဝင်ချိန်ထိ ဘာသားကောင်မှ မရဘူးတဲ့ကွယ်။

သည့်တော့ ဗိုက်ကလည်း ဆာနေပြန်တော့ လမ်းမှာတွေ့တဲ့ လိုဏ်ဂူကြီးထဲ ဝင်ပြီးအိပ်နေသတဲ့။

မိုးချုပ်လို့ သည်လိုဏ်ဂူထဲ တစ်ကောင်ကောင် ဝင်လာရင်တော့ သူ စောင့်ရကျိုးနပ်ပြီလို့ တွေးနေတာကိုး။

အဲသည်အချိန် ခွေးအတစ်ကောင်ကလည်း သူအိပ်နေကျလိုဏ်ဂူဆီ ပြန်လာသတဲ့။

ဒါပေမဲ့ ... လိုဏ်ဂူထဲကို ရုတ်တရက် သူမဝင်ဘူး။ သည်ခွေးအက အင်မတန် သတိရှိသတဲ့။

အဲဒါကြောင့် ... ဂူဝကနေ ခုလို အော်ပြောလိုက်သတဲ့။

"အို ... မိတ်ဆွေ လိုဏ်ဂူကြီး"

ဒါပေမဲ့ ... စကားပြန်မရတော့ ဆက်ပြီး ပြောလိုက်ပြန်သတဲ့။

"အို မိတ်ဆွေကြီး ... ကျွန်ုပ်တို့ပြုထားတဲ့ကတိစကားကို မေ့သွားပြီလား၊ အစာရှာရာကပြန်လာရင် ဂူဝက ကျွန်ုပ်ကို နှုတ်ဆက်မယ်၊ အဲသည်အခါ မိတ်ဆွေလိုဏ်ဂူကြီးကလည်း ပြန်နှုတ်ဆက်ပါ့မယ်လို့ ကျွန်ုပ်တို့ပြုထားတဲ့ကတိစကားကို မေ့သွားပါပြီလား၊ အခု တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေတာက ဘာကြောင့်ပါလဲ"

အဲသည်စကားကို ခြင်္သေ့ကြီးကြားတော့ သူစဉ်းစားသတဲ့။

"အင်း ... အပြင်က ခွေးအနူတ်ဆက်ရင် လိုဏ်ဂူကြီးက ပြန်ပြီးနူတ်ဆက်လေ့ရှိတာကိုး၊ အခုတော့ ငါ့ကိုကြောက်တာနဲ့ လိုဏ်ဂူကြီးက ဆိတ်ဆိတ်နေတာဖြစ်မယ်၊ သည့်လိုဆိုရင် ငါ ပြန်ပြီး နူတ်ဆက်လိုက်ရမှာပဲ၊ ဒါမှ ခွေးအ အထဲဝင်လာရင် ငါ အဆာပြေပြီပေါ့"

အဲလိုတွေးပြီး ဝမ်းကဆာဆာ၊ ဗိုက်ကဟာဟာနဲ့ အော်ပြီး နူတ်ဆက်သံက လိုဏ်ဂူထဲ ပဲ့တင်ထပ်ပြီး တောမြိုင်တစ်ခုလုံး ဟိန်းထွက်သွားတာပေါ့ကွယ်။

ဒီလို ခြင်္သေ့ဟိန်းသံကြားတယ်ဆိုရင်ပဲ ဘာပြောကောင်းမလဲ ...

သမင်၊ ဒရယ်၊ ယုန်၊ ကြွက်၊ မျောက်၊ ရှဉ့်တွေတာ ဦးတည်မိရာ ပြေးလိုက်ကြတာ တောကြီးပြုံသွားတယ် ထင်ရအောင် ဆူညံသွားတာပေါ့ကွယ်။

အဲသည်ပြေးတဲ့ တိရစ္ဆာန်အုပ်ထဲမှာ ရှေ့ဆုံးကပြေးနေသူကတော့ ခွေးအပေါ့ကွယ်။

မဆင်ခြင် မတွေးတောဘဲ လိုဏ်ဂူကြီးစကားပြောတာကို ယုံတဲ့ ခြင်္သေ့ကြီး အစာငတ်ပြီပေါ့နော်။

ကလေးတို့လည်း ဘယ်အရာမဆို တွေးခေါ်ဆင်ခြင်နိုင်ရမယ်ကွဲ့။

ကိုင်း ... ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

❋ ❋ ❋

## ထူးဆန်းသော ရေစွေးအရေး

တစ်ခါတုန်းက ...

ဆင်းရဲတဲ့ အဘိုးအိုလင်မယားနှစ်ယောက်ဟာ တောစပ်လေးက အိမ်လေးတစ်လုံးမှာ နေထိုင်ကြသတဲ့။ အဘိုးအိုက တောင်ပေါ်တက် ထင်းတွေခွေ၊ ထင်းရတော့ ရောင်းပြီး စားသောက်ဖို့ ဝယ်ရတာပေါ့ကွယ်။

တစ်နေ့ကျတော့ တောင်ပေါ်သွားတဲ့လမ်းတစ်ဝက်မှာ ကောင်လေးသုံးယောက်က သူတို့ဖမ်းမိလာတဲ့ တောခွေး မျက်ကွင်းညို့တစ်ကောင်ကို ရိုက်ပြီးသတ်ဖို့ပြင်နေတာ မြင်တော့

အဘိုးအိုက အတင်းတောင်းပန်တာပေါ့ကွယ်။ ထင်းရောင်းလို့ ရလာတဲ့ငွေလေးကို ကောင်လေးတွေကိုပေးပြီး တောခွေးလေး အသက်ကို ကယ်လိုက်သတဲ့ကွယ်။

တောခွေးလည်ပင်းမှာ ချည်ထားတဲ့ကြိုးကို ဖြုတ်ပေး ပြီး ...

''မောင်တောခွေး ... နေ့အခါများ ရွာနား ဘယ်တော့မှ မလာပါနဲ့၊ အဖမ်းခံရတတ်ပါတယ်''

တောခွေးလည်း သူ့ဝပ်ကျင်းရှိရာ ပြန်ပြေးလေတော့ သတဲ့။

သည်လိုနဲ့ နေ့ရက်အတော်ကြာတော့ နှစ်သစ်ကူးပွဲတော် ရက် ရောက်လာတော့ အဘိုးအိုမှာ ထင်းရောင်းရတဲ့ငွေက တစ် နေ့စာအတွက်ပဲရတာမို့ ပွဲတော်လုပ်ဖို့ ငွေမရှိတော့ စိတ်မကောင်း ရှာဘူးပေါ့ကွယ်။

တောင်ပေါ်ကို ထင်းခွေဖို့ နေးကွေးစွာတက်လာစဉ် တောခွေးမျက်ဂွင်းညိုလေးနဲ့ လမ်းမှာဆုံသတဲ့။

''အဘိုး ... မျက်နှာလည်းမကောင်းပါလား။ ဘာဖြစ်လို့ လဲ၊ ကျွန်တော့်ကိုပြောပါ။ ကျွန်တော်က အဘိုး တစ်ခါက ကယ်

ခဲ့တဲ့ တောခွေးလေးပါ၊ အခု အဘိုးကို ကျေးဇူးဆပ်ချင်လို့ပါ''

''နှစ်သစ်ကူးပွဲတော်အတွက် အဘိုး ဘာမှမဝယ်နိုင်လို့ ဝမ်းနည်းနေတာပါကွယ်''

''ဘာမှမပူနဲ့ အဘိုး၊ ကျွန်တော်က ရေနွေးကရားယောင် ဆောင်လိုက်မယ်၊ အဲဒီကရားကို ကျောင်းတစ်ကျောင်းကျောင်း မှာ ရောင်းလိုက်ပါ''

အဲလိုပြောပြီး တောခွေးလေးဟာ သူ့အမြီးလေးကို ကုပ် ပြီး မြေကြီးပေါ် ကျွမ်းထိုးလိုက်တာ မျက်စိတစ်မှိတ်အတွင်း ကြေးကရားဖြစ်သွားတော့သတဲ့။ အဘိုးအိုဟာ ကြေးကရားကို အဝတ်နဲ့ပတ်ပြီး တောအုပ်အလွန်မှာရှိတဲ့ ဘုန်းကြီးကျောင်းလေး ဆီ လာခဲ့တော့တယ်။

ကျောင်းထိုင်ဘုန်းကြီးကိုတွေ့တော့ ...

''အရှင်ဘုရား ... တပည့်တော်မှာ ဟောဒီပစ္စည်းလေး တစ်ခု ရှားရှားပါးပါးရှိပါတယ်၊ ကြေးကရားပါ ဘုရား''

ဘုန်းကြီးက ကရားကိုကိုင်ကြည့်၊ နှုတ်ခမ်းကို လက်နဲ့ ခေါက်ကြည့်တော့ ကြေးသံမြည်တော့ ဘုန်းကြီးက ဝယ်ထားလိုက် သတဲ့။ အဘိုးကြီးဟာ ငွေရတော့ အိမ်ကိုပြန်ပြေးပြီး နှစ်သစ်ကူး

အတွက် ပြင်ဆင်တော့တာပေါ့။

ကျောင်းထိုင်ဘုန်းကြီးက ကိုရင်ကလေးတစ်ယောက်ကို ခေါ်ပြီး ကရားကို ရေဆေးခိုင်းလိုက်တယ်။ ကိုရင်လေးက ကရားကို စားဖိုဆောင်ယူသွားပြီး ကရားပေါ် သဲမှုန်တွေဖြူး၊ ဝက်မင်ဘီးနဲ့ ပွတ်သတဲ့။ အဲဒီအခါ ထူးထူးဆန်းဆန်း ကရားက ပြောသတဲ့။

"အောင်မယ်လေး ... ဖြည်းဖြည်းလုပ်ပါ ကိုရင်၊ ကျုပ်တင်ပါးတွေ နာလှတယ်"

ကိုရင်လေးက လန့်သွားပြီး ကျောင်းထိုင်ဘုန်းကြီးဆီ ပြေးသွားပြီး ...

"အရှင်ဘုရား ... ကရားက လူလိုစကားပြောပါတယ်၊ ဖြည်းဖြည်းလုပ်ပါတဲ့၊ သူ့တင်ပါးတွေ နာလို့တဲ့"

ဘုန်းကြီးကတော့ မတုန်မလှုပ်နဲ့ ပြန်ပြောတာက ...

"လူစကားပြောတာ မဟုတ်ပါဘူး။ ကရားက ကောင်းလွန်းလို့ ပွတ်တိုက်လိုက်တဲ့အခါ လူစကားပြောသံလိုလို မြည်တာ ဖြစ်မှာပေါ့၊ ကဲ ... ရေနွေးသာ တည်လိုက်"

ဒီတော့ ကိုရင်လေးက ကရားထဲရေထည့် မီးမှာတင်ပြီး

ရွှေဒေသာစာပေ

မီးဖိုတာပေါ့။

အဲဒီအခါ ကရားကြီးက အော်ပြန်သတဲ့။

"အောင်မယ်လေး ... ပူလိုက်တာ၊ မီးကိုလျှော့ပါဦး ကိုရင်လေးရယ်"

ကိုရင်လေး ထိတ်ထိတ်ပျာပျာဖြစ်ပြီး ကျောင်းထိုင်ဘုန်းကြီးဆီ ပြေးသွားပြီး ပြောပြန်တာပေါ့။ ဒါပေမဲ့ ဘုန်းကြီးက မယုံဘဲ ...

"မီးထပ်မထည့်နဲ့၊ ရေနွေးသာ ထည့်ယူလာခဲ့တော့"

"တင်ပါ့"

မီးဖိုထဲ ကိုရင်လေးရောက်သွားတယ်ဆိုရင်ပဲ ကရားကို ကြည့်ရင်း ကြည့်ရင်း ကရားက လက်နှစ်ဖက် ခြေနှစ်ဖက်ထွက်လာတာ မြင်လိုက်ရသတဲ့။ နောက် အမြီးလည်း ထွက်လာတော့ ကိုရင်လေး ကြောက်လွန်းလို့ ဒူးတွေတုန်ပြီး ကြမ်းပြင်ပေါ် မှောက်နေရသတဲ့။ ပြီးတော့ ကုန်းအော်တော့တာပေါ့။

"အရှင်ဘုရား ... လာပါဦး၊ ဒီမှာ ကြောက်စရာတွေ ဖြစ်ကုန်ပါပြီဘုရား"

အော်သံကြားလို့ ဘုန်းကြီးလည်း စားဖိုဆောင်ထဲဝင်လာ

တော့ ကြေးကရားကြီးက တောခွေးဖြစ်ပြီး ထွက်ပြေးသွားတာကို တွေ့လိုက်ရတော့ ကြက်သေ သေပြီး ငေးကြည့်နေတာပေါ့ကွယ်။

တောခွေးမျက်ကွင်းညိုလည်း အော်ဟစ်ရင်း မီးပူလောင်တဲ့ တင်ပါးကို ပွတ်သပ်ရင်း တောထဲက သူ့ဝပ်ကျင်းထဲကို ပြေးဝင်သွားပါလေရောတဲ့။

ကိုင်း ... ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

❋ ❋ ❋

# အရိုင်

ရှေးသရောအခါက ...

တောအုပ်တစ်ခုၡ ဆားကျင်းတစ်ခု ရှိလေသည်။ ထို ဆားကျင်းသို့ တိရစ္ဆာန်အားလုံး လာကြ၍ လျက်ကြသည်။

သို့သော်လည်း ဆားကျင်းနားတွင် စောင့်၍ တစ်နေ့ တစ်ကောင်ကျ တောသားရဲတိရစ္ဆာန်တို့ကို ဖမ်းစားနေသော ကျားကြီးကို သူတို့ အလွန်ကြောက်ကြသည်။

တစ်နေ့သောအခါ ကျောက်သမင်ပုကလေးတစ်ကောင် သည် ကျားကြီးဆီလာ၏။

"သခင်ကျားကြီး ... နေ့တိုင်းနေ့တိုင်း အမဲလိုက်ရသည်ကို မမုန်းဘူးလား။ ကျွန်တော့်ကို ခွင့်ပြုလျှင် တစ်နေ့တာစ်ကောင်ကျ တောကောင်လေးများကို ဆက်သလိုပါတယ်"

ဟု ပြောလေသည်။ ကျားကြီးလည်း သဘောတူလိုက်လေသည်။

ထိုအခါ ကျောက်သမင်ပုကလေးသည် တောထဲရှိ တိရစ္ဆာန်များထံသွား၍ စီစဉ်လေသည်။ သို့သော်လည်း သူနှင့်လိုက်လာဖို့ မည်သူ့ကိုမျှ ခေါ်၍မရချေ။ ထို့ကြောင့် နောက်ဆုံး၌ ရှဉ့်ငယ်ကလေးတစ်ဦးကိုသာ ခေါ်၍ ကျားကြီးဆီသို့ ပြန်သွားပြီးလျှင် ...

"သခင်ကျားကြီး ... လမ်းမှာ ရှဉ့်ကလေးတစ်ကောင်ကို ခေါင်းပေါ်တင်ထားတဲ့ ကျားကြီးတစ်ကောင်က နှောင့်ယှက်နေ၍ တောထဲကတိရစ္ဆာန်တစ်ကောင်မျှ မလိုက်ခဲ့နိုင်ပါ"

ဟု ပြောလေသည်။

ထိုအခါ ကျားကြီးက စိတ်ဆိုး၍ ...

"ကဲ ... ငါလိုက်ခဲ့ပြီး အဲဒီကျားကို မောင်းပစ်မယ်"

ဟု ပြောကာ သုံးကောင်သား ထွက်လာကြလေသည်။

ရှဉ့်ငယ်သည် ကျားကြီး၏ခေါင်းပေါ်မှ ထိုင်လိုက်လာသည်။ ကျောက်သမင်ပုလေးသည် ကျားကြီးကို မြစ်ဆိပ်နားခေါ်လာခဲ့ပြီး ရေပေါ်တွင်ပေါ်နေသော ကျားကြီး၏အရိပ်ကို လက်ညှိုးထိုးပြ၍ ...

"သခင်ကျားကြီး ... ဟိုမှာကြည့်ပါ၊ ကျွန်တော်တို့လမ်းကို ပိတ်ထားသည်မှာ သူပဲဖြစ်ပါတယ်"

ဟုပြောလေရာ ကျားကြီးသည် ရေထဲကအရိပ်ရှိရာ ခုန်အုပ်လိုက်ရာ ရေနစ်သေဆုံးသွားလေတော့သည်။

❋ ❋ ❋

ရွှေသောတစေ

## သားမိုက်

ရှေးရှေးတုန်းက ...

သူဌေးကြီးတစ်ဦးမှာ သားငါးယောက် ရှိသတဲ့။

အဲဒီသူဌေးကြီးဟာ အိုမင်းမစွမ်းဖြစ်လာချိန်မှာတော့ သားတွေကို သူ့မှာရှိတဲ့ စည်းစိမ်အားလုံးကို အညီအမျှ ခွဲဝေပေးလိုက်သတဲ့။

သို့သော်လည်း ...

အမွေသာခွဲပေးလိုက်ရသော်လည်း သူဌေးအိုကြီးမှာ သေကံမရောက် သက်မပျောက်ဆိုသလို အသက်ရှည်နေ

လေတော့ အိုမင်းလို့ ဒုက္ခရောက်ရတာ တစ်မျိုး၊ ဖျားနာဒုက္ခက တစ်မျိုး၊ သားတွေက မသဒ္ဓါလို့ ငြိုငြင်စွာဒုက္ခ ရောက်ရမှုများနှင့် အတော်ပင်ပင်ပန်းပန်း ဆင်းရဲနေရှာရသတဲ့။

တစ်နေ့မှာတော့ သူဌေးအိုကြီးထံ မိတ်ဆွေဟောင်း တစ်ဦး လာရောက်လည်ပတ်ရင်း သူဌေးအိုကြီးဖြစ်အင်ကို မြင်သဖြင့် အကြံတစ်ခုပေးကာ ကူညီပါရစေလို့ မှာကြားပြီး ပြန်သွားသတဲ့။

ရက်အနည်းငယ်ကြာတော့ အဲဒီမိတ်ဆွေဟာ သူဌေးအိုကြီးအိမ်ကို လှည်းစီးပြီး ရောက်လာသတဲ့။

ရောက်တယ်ဆိုရင်ပဲ ကျောက်ခဲနဲ့ သဲတွေ အပြည့်ထည့်ထားတဲ့ အိတ်ကြီးတွေကို ထမ်းချလာပြီး သူဌေးအိုကြီး အိပ်ရာဘေးမှာ ထားစေသတဲ့။

"ကဲ သူဌေးကြီး . . . ကျွန်တော် လာတဲ့သတင်းကို သူဌေးကြီးရဲ့သားတွေ ကြားကြလိမ့်မယ်၊ အဲဒီအခါ . . . သူဌေးကြီးက ဟန်လုပ်ဖို့ အရေးကြီးတယ်၊ ခု ကျွန်တော်လာတာ သူဌေးကြီးရဲ့အကြွေးတွေကို ဆပ်ဖို့လာတယ်ပြောပါ၊ ဒီကျောက်ခဲအိတ်တွေကို ငွေအိတ်တွေပါလို့ ပြောပါ၊ ဒီတော့ သူဌေးကြီးမှာ

ငွေတွေအများကြီး ရှိသေးတယ်လို့ မှတ်ကြလိမ့်မယ်၊ အဲဒီအခါ သူဌေးကြီးရဲ့သားတွေက သူဌေးကြီးကို ဂရုစိုက်ကြလိမ့်မယ်၊ ဒါပေမဲ့ ... အိတ်တွေကိုတော့ မကိုင်စေနဲ့နော်၊ လုံလုံခြုံခြုံ သိမ်းထားပါ''

အဲလူပြန်သွားပြီး မကြာခင်မှာပဲ သားတွေ အသီးသီး ရောက်လာကြပြီး ကျောက်ခဲအိတ်တွေပေါ်က မျက်စိမခွာနိုင်ကြတော့ဘူး။

တစ်ယောက်တစ်လှည့် ပြုစုလာလိုက်ကြတာ ... နောက်ဆုံး သူဌေးကြီး အသက်ရှည်သွားလိုက်တာ မီးစာကုန် ဆီခန်းဆိုသလို ... နောက်ဆုံး မတတ်နိုင်တော့မှ သေရှာတော့ သတဲ့။

သူဌေးကြီးလည်းဆုံးတော့ ...

တစ်ချိန်လုံး မျက်စောင်းထိုး နေကြတဲ့ အိတ်ကြီးတွေကို သူထက်ငါ အရင်ဖွင့်လိုက်ကြတာ နောက်ဆုံး သားမိုက်များ အတွက် ထိုက်တန်သောအမွေကိုသာ တွေ့လိုက်ကြရတော့တာ ပေါ့ကွယ်။

ကလေးတို့လည်း အဲလိုမဖြစ်စေဘဲ မိဘတွေအပေါ်

အကျိုးမမျှော်ကိုးဘဲ ဖြူစင်စိတ်ထားနဲ့ ကျေးဇူးဆပ်ကြရမယ်နော် ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ။

❋ ❋ ❋

## သန်းကြီးမနဲ့ခွေးလေး

ဟိုးရှေးအခါကပေါ့ကွယ် ...

ဘုရင်ကြီးတစ်ပါးရဲ့ စက်မွေ့ရာဟာ ပိုးဖဲကတ္တီပါတွေနဲ့ ချုပ်လုပ်ထားသတဲ့။

အဲဒီ စက်မွေ့ရာမှာခင်းတဲ့ ပိုးကတ္တီပါထည်ရဲ့ ထောင့်စွန်းတစ်ခုမှာ သန်းကြီးမတစ်ကောင်နေသတဲ့။

ဘုရင်ကြီး စက်တော်ခေါ်တဲ့အခါ ဘုရင်ကြီးရဲ့သွေးကို စုပ်လာတာ ကာလတောင် အတော်ကြာလာပြီတဲ့။

ဘုရင်ကြီးရဲ့သွေးက ချိုတဲ့အတွက် သန်းကြီးမဟာ

ဝဖီးပြီး နက်ပြောင်နေတာပဲပေါ့။

အဲသည်လို စည်းစိမ်ခံစားပြီးနေတုန်း တစ်နေ့ကျတော့ ခွေးလေးတစ်ကောင်ဟာ လေထဲမှာလွင့်ပါလာပြီး စက်မွေ့ရာပေါ်မှာ ကျသတဲ့။

သန်းနဲ့လေးဟာ မတူဘူးနော်။

ခေါင်းထဲက သန်းက . . . ပြားပြားချပ်ချပ်မို့ တွားသွားတယ်။

ဆံပင်ကြား၊ အဝတ်ကြားမှာ ပုန်းလို့ ခိုလို့ကောင်းတယ်။ လွယ်တယ်ပေါ့။

လေးကတော့ ကိုယ်တုံးလုံး၊ ခြေတံရှည်ရှည်နဲ့ အင်မတန်အခုန်ကောင်းတယ်။

ခွေးသန်းကို ကိုင်ကြည့်ပေါ့။ ခွေးသန်းကို တကယ်တော့ ခွေးလေးခေါ်မှ မှန်မယ်။

ခွေးလေးခုန်လို့ ဖုန်မထ . . . ဆိုတဲ့ စကားပုံလိုပေါ့ ကွယ်။

ခု ခွေးလေးလည်း စက်မွေ့ရာပေါ်ရောက်တော့ သိပ်ပြီး သဘောကျနေတာပေါ့။

ရွှေအသောကစာပေ

အဲသည်လို ဟိုခုန် သည်ခုန်လုပ်တုန်း သန်းမကြီးနဲ့ သွားတွေ့ပါလေရော။

"ဟော့ မောင်ရင် ... ကျူးကျူးကျော်ကျော်နဲ့ မောင်ရင် ဘယ်ကလာသလဲ၊ ဒါဟာ မင်းစိုးရာဇာအိပ်တဲ့ စက်မွေ့ရာကွဲ၊ မတန်မရာ သည်ကိုမလာပါနဲ့၊ ပြန်ပါ"

"အို ... သည်လိုမပြောသင့်ပါဘူး။ ရှေးပညာရှိတွေရဲ့ ဆုံးမစကားကို မေ့ပါပြီလား။ မီးကို ပုဏ္ဏားရှိသေတယ်၊ လင်ကို မယားရှိသေတယ်၊ ညွှန်သည်ကို လူအများ ရှိသေတယ်၊ အခု ကျွန်တော်က ညွှန်သည်ပါ၊ ပုဏ္ဏားသွေး၊ သူဌေးသွေး၊ သူဆင်းရဲ သွေးများကို ကျွန်တော် မြည်းဖူးပါပြီ၊ ဒါပေမဲ့ ... သူတို့ရဲ့သွေး တွေက ချဉ်တယ်၊ ချွဲတယ်၊ အရသာမရှိပါဘူး ...၊

ဒါပေမဲ့ ... ခုလို ကောင်းမြတ်တဲ့ စက်မွေ့ရာမှာအိပ်တဲ့ လူရဲ့သွေးဟာဖြင့် အင်မတန် ကောင်းမွန်ချိုမြိန်လိမ့်မယ်လို့ ထင် ပါတယ် ...၊

အဲဒါကြောင့် ခွင့်ပေးမယ်ဆိုရင် အဲသည်လူရဲ့သွေးကို ကျွန်တော် မြည်းကြည့်ချင်ပါတယ် ခင်ဗျာ"

သည်တော့ သန်းကြီးမက ...

"မဖြစ်ဘူး . . . မဖြစ်ဘူး၊ မောင်ရင့်ကြည့်ရတာ လိမ္မာပုံ မရဘူး၊ သည်စက်မွေ့ရာမှာ ကြာကြာမနေဘဲ မြန်မြန်ထွက်သွားရင် ကောင်းပါလိမ့်မယ်၊ ရှေးစကား ရှိတယ်မဟုတ်လား . . . ကိုယ့်စွမ်းရည် ကိုယ်မသိ၊ ကိုယ့်ရန်သူ ကိုယ်မသိ၊ ကိုယ့်တာဝန် ကိုယ်မသိ၊ ကိုယ့်အချိန် ကိုယ်မသိ၊ ကိုယ့်နေရာ ကိုယ်မသိ ဤလိုလူမိုက် မှန်ပါ၏၊ ဒုက္ခရောက်မှာ မုချတည့် . . . လို့ ဆုံးမထားတာ ရှိတယ်"

အဲလို သန်းကြီးမ,ပြောတော့ ခွေးလေးဟာ အထပ်ထပ် အခါခါ ရှိခိုးဦးတင်နဲ့ နေခွင့်ရဖို့ တောင်းပန်သတဲ့။

တောင်းပန်ဖန်များတော့လည်း . . . သနားလာတာပေါ့ လေ။

နောက်ဆုံး နေခွင့်ပေးပြီး သည်လိုဆုံးမလိုက်သတဲ့။

"မတော်တဲ့အချိန်မှာ မစားနဲ့၊
မတော်တဲ့နေရာကို မဝါးနဲ့"

"အဲဒါလေး ကျွန်တော့်ကို ရှင်းပြပေးပါလား"

"သည်လိုကွဲ့ . . . နားထောင်ပြီးမှတ်ပါ၊ ဘုရင်မင်းမြတ်ကြီး မူးယစ်နေတဲ့အခါ ဖြစ်စေ, ပင်ပန်းနွမ်းလျမနေတဲ့အခါ

ဖြစ်စေ၊ အိပ်ချင်နေတဲ့အခါဖြစ်စေ မင်းကြီးရဲ့ခြေထောက်ကို သာသာယာယာကိုက်ပါ၊ အဲဒါဟာ တော်တဲ့အချိန်နဲ့ တော်တဲ့ နေရာပဲ ... ကြားရဲ့လား''

ဒါပေမဲ့ ... အစာငတ်လို့ အငမ်းမရဖြစ်နေတဲ့ ခွေး လေးဟာ ညဉ့်ဦးယံအချိန် ဘုရင်ကြီး စက်မွေ့ရာပေါ် လဲလျောင်း ပြီး မှေးခနဲဖြစ်ရုံရှိသေး ဘုရင်ကျောကုန်းကို စစ်ခနဲ ကိုက်လိုက် သတဲ့။

ရှင်ဘုရင်လည်း နာကျင်မှုကြောင့် အိပ်ဖန်စောင့်ကို လှမ်းခေါ်တော့သတဲ့။

''ဟဲ့ မင်းချင်း ... ငါကိုယ်တော်မြတ်ကို တစ်စုံတစ်ရာ ကိုက်တော်မူတယ် ... ရှာစမ်း''

ဘုရင်ကြီးရဲ့အမိန့်တော် ကြားတာနဲ့ ခွေးလေးက လွတ် ရာကို ခုန်ပြေးပြီး တော်ရာမှာ ပုန်းနေသတဲ့။

အိပ်ဖန်စောင့်လည်း အပျိုတော်တွေကိုခေါ်ပြီး ဆီမီးခွက် တွေနဲ့ ဝင်လာတာပေါ့။

စက်မွေ့ရာကြီးပေါ် သူက ခေါင်းရင်းကရှာ၊ ငါက ခြေ ရင်းက ရှာနဲ့ အားလုံးဝိုင်းရှာကြသတဲ့။

ပိုးကတ္တီပါအခင်းထောင့်မှာ သန်းကြီးမ ဝပ်နေတာ တွေ့သွားတာပေါ့။

သည်တော့ သန်းကြီးမ မှာ ခွေးလှေးကြောင့် သေရွာကို သွားရရှာပါရောတဲ့။

❋ ❋ ❋

ရွှေမဒေဝဿနစာပေ

# တောခွေး ပေါက်

တစ်ခါတုန်းက ...

တောရွာတစ်ခုအနားမှာရှိတဲ့ တူးတွင်းတစ်ခုမှာ တောခွေးတစ်ကောင်နေသတဲ့။ သူ့နာမည်က ပေါက်တဲ့။ တစ်နေ့ကျတော့ ပေါက်ဟာ သူ့ဝမ်းပူဆာ မနေသာတဲ့အတွက် နေဝင်မိုးချုပ်အချိန်မှာ ရွာထဲဝင်ပြီး အစာရှာတာပေါ့။

အဲသည်အခါ ရွာခွေးတွေက တွေ့လို့ ဝိုင်းဆွဲကိုက်ကြတော့ ပေါက်လည်း သွေးသံရဲရဲနဲ့ ခြံတစ်ခုထဲဝင်အပြေး မဲနယ်အင်တုံကြီးထဲ ဗြုန်းဆို လိမ့်ကျသွားသတဲ့။

အဲသည်တော့ ရှာခွေးတွေက ပေါ်သေပြီဆိုပြီး ပြန်သွားကြတာပေါ့။

ဒါပေမဲ့ ... သေကံမရောက် သက်မပျောက်ဆိုတဲ့ စကားလိုပဲ ပေါ် အင်တုံထဲက ကုတ်ခြစ်တက်လိုက်တာ အသက်ဘေးက လွတ်သွားပြီး တောထဲ သုတ်ခြေတင်ပြေးပါလေရောပေါ့ကွယ်။

တောထဲရောက်တဲ့အခါ မဲနယ်ရည်ဆွတ်ပြီး တစ်ကိုယ်လုံး ပြာနေတဲ့ပေါ်ကိုမြင်ပြီး တောသတ္တဝါတွေက ဝေခွဲမရဖြစ်နေချိန်မှာ ပေါ်က ကျယ်လောင်တဲ့အသံနဲ့ အော်ပြောလိုက်သတဲ့။

"အိုး တောတွင်းတိရစ္ဆာန်အပေါင်းတို့ ... ကျွန်ုပ်ကား အခြားမဟုတ်၊ သင်တို့ကိုအုပ်စိုးရန် သိကြားနတ်မင်းက စေလွှတ်လိုက်သော ပေါ်ဖြစ်ပေသည်"

အဲလို စကားကြီးစကားကျယ်ပြောလိုက်တော့ တောတွင်းတိရစ္ဆာန်တွေအားလုံး ကြောက်ကြောက်လန့်လန့်နဲ့ သူ့နား ချဉ်းကပ်သွားပြီး ...

"အို အရှင်ကြီး ... ကျွန်တော်မျိုးတို့အား သင့်တော်ရာ

တာဝန်များ ခွဲပေးရန် တောင်းပန်ပါတယ်''

အဲသည်အခါ ပေါစ်က ...

ခြသေ့်ကို ဝန်ကြီးချုပ်၊ ကျားကို အိပ်ဖန်စောင့်၊ ကျား သစ်ကို ကွမ်းရေကိုင်၊ ဆင်ကို တံခါးမှူး၊ မျောက်ကို ထီးတော်မိုး၊ ဒါပေမဲ့ ... သူနဲ့ဇာတ်တူသားဖြစ်တဲ့ တောခွေးတို့ကိုတော့ ရိုက် ပုတ်ပြီး အဝေးကို နှင်ထုတ်လိုက်သတဲ့။ အဲသည်လိုနဲ့ တောခွေး ပေါစ်ဟာ မင်းစည်းစိမ်ကို ခံစားနေရတာပေါ့လေ။

ခြသေ့်တွေ ကျားတွေက သူစားဖို့ အစာရှာပေးရသတဲ့။ အစာရတဲ့အခါ သူက မင်းလုပ်ပြီး ဝေပုံကျခွဲပေးသတဲ့။

အဲသည်လို မင်းစည်းစိမ်ခံစားနေရင်း တစ်နေ့ကျတော့ တောသတ္တဝါတွေ ခြံရံပြီး ညီလာခံသဘင် ခင်းနေခိုက် မနီးမဝေး တောအုပ်အတွင်းမှာ တောခွေးတွေစုပြီး အူလိုက်ကြသံကြောင့် ပေါစ် ဆတ်ခနဲဖြစ်နေရော။

သူလည်း ခွေးပေကိုး ... အူချင်လာတာပေါ့။

နောက်တစ်ခါ ... ကြားလိုက်ရချိန်မှာတော့ မနေနိုင် တော့ဘဲ လေးဖက်ထောက်ရပ်ပြီး ကျယ်လောင်စွာ အူပါလေ ရော။

အဲဒီတော့မှ ခွေးဇာတိပေါ်လာတဲ့ ဟောစ်ကို ခြသေ့်၊ ဆင်၊ ကျား၊ မျောက်တို့ ဝိုင်းကိုက်လိုက်တာ ဟောစ်လည်း သေပါ ရောကွယ်။

ခွေမျိုးကိုပစ်

သူစိမ်းချစ်၍

ဟောစ်ကျော်ကြီး သေရသည် ဆိုတဲ့စကားပုံ ပေါ်လာရ သတဲ့ကွယ်။

❋ ❋ ❋

ရွှေသောတာပေ

## ဘီလူးနှင့်မြစ်းထူမိုး

ရှေးရှေးတုန်းက ...

ဘုရင်ကြီးတစ်ပါးမှာ သမီးတော်ကလေးတစ်ပါး ရှိသတဲ့။

အဲဒီသမီးတော်ကလေးဟာ ပင်လယ်ထဲက ပုလဲလုံးကလေးလို သိပ်လှတယ်ဆိုပဲ။

အဲဒီဘုရင်ကြီးအုပ်စိုးတဲ့ မြို့ရဲ့အပြင်ဘက် သချိုင်းကုန်းမှာ ဘီလူးတစ်ကောင်ရှိသတဲ့။

အဲဒီသချိုင်းဘီလူးဟာ မိုးချုပ်ခါနီး နေဝင်ရိုးရီအချိန်

ဆိုရင် မြို့ထဲကိုဝင်လာပြီး အစာရှာသတဲ့။

တစ်နေ့ကျတော့ ...

မင်းသမီးဟာ အိမ်တော်ရဲ့ဥယျာဉ်ထဲ လမ်းလျှောက်နေတာ ဘီလူးကြီးက မြင်ပါလေရော။

မင်းသမီးလေးက အင်မတန်ချော၊ အင်မတန်လှတော့ ဘီလူးက ခိုးပြေးဖို့ကြံတာပေါ့။

ဒါပေမဲ့ ...

မင်းသမီးလေးမှာ သူ့ဖခင်ကြီး ခမည်းပေးထားတဲ့ ပယောဂလက်ဖွဲ့ကလေး လည်ပင်းမှာ ဆွဲထားလေတော့ ဘီလူးဟာ အနားကိုမကပ်နိုင်ဘူးတဲ့။

ဒါပေမဲ့ ... ဘီလူးကြီးက လက်မလျှော့ဘဲ နေဝင်ရီတရောအချိန်လောက်ဆို ဘီလူးက မင်းသားယောင်ဆောင်ပြီး အိမ်တော်နားမှာ ရစ်ဝဲ ရစ်ဝဲနဲ့ လှည့်နေသတဲ့။

တစ်ခါတလေ ... မြင်းစီးလို့ပေါ့။ မင်းသမီးလေးက လူမင်းသားပဲ မှတ်နေတာပေါ့လေ။

တစ်နေ့တော့ ...

မင်းသမီးလေးက ဘီလူးကို ပန်းခြံခုံတန်းလေးပေါ်

အတူထိုင်ရန် ခေါ်လိုက်လို့ ဘီလူးအနားကပ်လာတာနဲ့ မင်းသမီးလေးဟာ ကြက်သီး ဖျဉ်းခနဲထလာပြီး တစ်ကိုယ်လုံး တုန်လာသတဲ့။

မင်းသမီးဟာ မင်းသားယောင်ဆောင်ထားတဲ့ ဘီလူးမှန်း သိလိုက်တာနဲ့ အထိန်းတော်တွေကို ဖမ်းဆီးခိုင်းတာနဲ့ ဘီလူး လည်း ထွက်ပြေးလာရတာပေါ့ကွယ်။

သံချိုင်းပြန်ရောက်တော့ ဘီလူးက တွေးသတဲ့။

"အင်း ... မင်းသမီးလေးပြောတဲ့အထဲမှာ နေ၀င်ရိုးရီ ဆိုတဲ့ သူ့နာမည်ပါတော့ မင်းသမီးကို ခိုးယူဖို့ကြံစည်နေတာ ဟာ ငါတစ်ယောက်တည်း မဟုတ်ဘဲကိုး။ ညနေတိုင်း လာနေ တယ်ဆိုပဲ၊ ဘယ်လိုအကောင်မျိုးပါလိမ့်၊ ငါ မြင်းယောင် ဆောင်ပြီး အိမ်တော် မြင်းဇောင်းထဲက ချောင်းကြည့်ရင် ကောင်း လိမ့်မယ်"

တွေးထားတဲ့အတိုင်း ဘီလူးဟာ မြင်းယောင်ဆောင်ပြီး အိမ်တော်မြင်းဇောင်းထဲမှာ မြင်းတွေနဲ့ရောပြီး နေတာပေါ့လေ။ ညရောက်လို့ မှောင်ကျလာတယ်ဆိုရင်ပဲ မြင်းသူခိုးတစ်ယောက် မြင်းဇောင်းထဲ၀င်လာသတဲ့။

မြင်းသူခိုးဟာ မှောင်ထဲမှာ ဝိုးတိုးဝါးတားမြင်ရတဲ့ မြင်းတွေကို လိုက်စမ်းတာ ဘယ်မြင်းချောတယ်၊ ကောင်းသလဲလို့ လိုက်ရွေးတာပေါ့လေ။

ဘီလူးယောင်ဆောင်နေတဲ့မြင်းကိုတွေ့တော့ အကောင်းဆုံးပဲဆိုပြီး သူခိုးက မြင်းကို ဇက်ကြိုးတပ်ပြီး မြင်းပေါ်ကို ခုန်တက်ကာ မြင်းဇောင်းထဲက ထွက်သွားသတဲ့။

အဲဒီအခါ မြင်းယောင်ဆောင်နေတဲ့ ဘီလူးက စဉ်းစားသတဲ့။

''အင်း ... ကေန္တ အခု ငါ့ကျောပေါ်စီးတဲ့လူဟာ နေဝင်ရိုးရီဆိုတဲ့ အကောင်ဖြစ်မှာပဲ၊ အတော်အစွမ်းသတ္တိရှိပုံရတယ်''

ဆိုပြီး ဒုန်းစိုင်းပြေးတာပဲတဲ့။ မြင်းပေါ်က သူခိုးလည်း မြင်းက ပြေးလွန်းတော့ လိမ့်ကျမှာစိုးလို့ ဇက်ကြိုးကို အတင်းဆွဲသတဲ့။

မြင်းကလည်း ဇက်ကြိုးကိုဆွဲလေ ပြေးလေပဲတဲ့၊ ဒီတော့ သူခိုးက တွေးသတဲ့။

''အင်း ...ကေန္တ ငါစီးတဲ့မြင်းဟာ မြင်းအစစ်တော့ မဟုတ်ဘူး၊ ဘီလူးဖြစ်မှာပဲ၊ မြင်းဆိုရင် အခုလောက် ဇက်ကို

ဆွဲတာ ရပ်မှာပေါ့၊ ဘီလူးလက်က လွတ်အောင် ဘယ်လိုကြံရပါ့မလဲ''

တွေးပြီး ... ဟိုကြည့်သည်ကြည့်နဲ့ လိုက်သွားသတဲ့။ ဘီလူးကလည်း လူကိုကြောက်၊ လူကလည်း ဘီလူးကိုကြောက်နဲ့ပေါ့။

အတန်ကလေးပြေးမိတော့ ညောင်ပင်ကြီးတစ်ပင်အောက်ကို ရောက်သွားသတဲ့။

အဲဒီအခါ သူခိုးက ညောင်ကိုင်းကိုဆွဲပြီး တွဲလဲခိုလိုက်လို့ မြင်းပေါ်က လွတ်ပြီး ကျန်ရစ်ခဲ့သတဲ့။

ဒီတော့မှ ... သူခိုးလည်း ဟင်းဆိုပြီး သက်ပြင်းကြီးကို ချလိုက်သတဲ့။

ဘီလူးလည်း အတန်ကလေးပြေးမိတော့မှ ညောင်ပင်ကိုလှည့်ကြည့်ပြီး ဟင်းလို့ သက်ပြင်းချလိုက်သတဲ့။

သက်ပြင်းနှစ်ခုလည်း တောထဲမှာ ဟိန်းသွားရော သူတို့နှစ်ဦးလည်း လိုရာကို ထွက်ခွာသွားကြပါလေရောတဲ့ကွယ်။

❋ ❋ ❋

# လိုတရသတ်စွပ်

ရှေးရှေးတုန်းက ...

သူဌေးကြီးတစ်ဦးမှာ သားတစ်ယောက် ရှိသတဲ့။ အဲဒီ သားလေး အချိန်တန်အရွယ်ရောက်တော့ သူဌေးကြီးက ငွေ အသပြာသုံးရာပေးပြီး ...

"ဟဲ့ ငါ့သား ... တစ်တိုင်းတစ်ပြည်သွားပြီး ကုန်ကူး ချေ"

လို့ ခိုင်းသတဲ့။ အဲဒီတော့ သူဌေးသားဟာ ငွေကိုယူပြီး ခရီးထွက်တာပေါ့။ ခရီးအတော်သွားမိလို့ တောစပ်တစ်နေရာမှာ

လူတစ်စု စကားများနေတာ တွေ့ရတယ်။

"ဒီမြေးကို သတ်ပစ်မယ်"

"မသတ်ရဘူးကွာ၊ ရွာထဲခေါ်သွားမယ်"

"မခေါ်ရဘူး ဒီမှာပဲ သတ်မယ်"

"ငွေလိုနေတာကွ၊ သူ့သတ်မှ ရမှာပေါ့"

သနားကြင်နာစိတ်ရှိတဲ့ သူဌေးသားကတော့ ...

"ကဲဗျာ ... ခင်ဗျားတို့ စကားများမနေကြပါနဲ့၊ ဒီမြွေးကို ကျွန်တော်ဝယ်ပါ့မယ်၊ ရော့ ... ငွေတစ်ရာ"

ဆိုပြီး မြွေးကလေးကို ခေါ်သွားသတဲ့။ နောက် ခရီး အတော်သွားမိပြန်တော့ လူတစ်စု ခုနလိုပဲ ကြောင်တစ်ကောင် သတ်ပစ်မယ်လုပ်နေ၍ သူဌေးသားလေးက ငွေတစ်ရာနဲ့ဝယ်ပြီး ခေါ်လာပြန်သတဲ့။

နောက်ခရီး အတော်သွားမိပြန်တော့ လမ်းမှာလူတစ်စု ဟာ မြွေတစ်ကောင်ကို သတ်ပစ်မယ်လုပ်နေပြန်၍ ငွေတစ်ရာနဲ့ ဝယ်ခဲ့ပြီ။ သူ့လက်ထဲမှာလည်း ငွေမရှိတော့ဘူးလေ။

မြွေးရယ်၊ ကြောင်ရယ်၊ မြွေရယ် ခေါ်ပြီး အိမ်ပြန်ရောက် လာတဲ့ သားဖြစ်သူကို သူဌေးကြီးက ...

"ကဲ ... မင်း ဒီလောက်မိုက်တဲ့အကောင် ငါ့အိမ်ပေါ်မှာ မနေနဲ့၊ နွားတင်းကုပ်ထဲသွားနေချေ"

လို့ နှင်ချလိုက်ပါရော။ သူ့ဧည့်သားလည်း ခွေး၊ ကြောင်၊ မြွေတွေကိုခေါ်ပြီး နွားတင်းကုပ်ထဲ သွားနေသတဲ့။ သူ့အိပ်ရာက တော့ ကောက်ရိုးပုံပဲပေါ့။ သူ့အိပ်ဖော်လေးတွေက သူ့ကို အရမ်း ချစ်ကြသတဲ့။ ခွေးလေးက ခေါင်းရင်း၊ ကြောင်လေးက ခြေရင်း၊ မြွေလေးက သူနဲ့ယှဉ်ပြီး အိပ်သတဲ့။

မြွေလေးက စပြောသတဲ့။

"သခင် ... ကျွန်တော်က မြွေမင်းကြီးရဲ့သားပါ၊ လူ့ ပြည်လာနိုက် အန္တရာယ်ကြုံနေစဉ်မှာ သခင်က ကျွန်တော့် အသက် ကယ်ခဲ့တဲ့အတွက် သခင့်ကျေးဇူးကို ဆပ်ချင်ပါတယ်၊ ကျွန်တော့်ဖခင် မြွေမင်းကြီးကလည်း အင်မတန်ကျေးဇူးတင်မှာ ပါ"

"မြွေဘုရင်ကြီး ဘယ်မှာနေလဲ၊ ကျုပ်လည်း တွေ့နိုင် ရင် တွေ့ချင်ပါတယ်"

"ဟောဟိုက တောင်ညိုညိုကြီးကြီးကို မြင်ပါသလား၊ အဲဒီတောင်ညိုညိုကြီးရဲ့ ခြေရင်းမှာ နတ်ရေတွင်း နတ်ရေထွက်

တစ်ခု ရှိပါတယ်၊ အဲဒီထဲကို ပုပ်မသင်းလိုက်ရင် ကျွန်တော်တို့တိုင်းပြည်ကို ရောက်တာပါပဲ၊ သခင်လိုက်မယ်ဆို ခေါ်သွားပါရစေ၊ ဖခင်မြွေမင်းက ကျေးဇူးဆပ်မှာ အမှန်ပါပဲ၊ ဘာကိုလိုချင်သလဲမေးရင် မြွေမင်းရဲ့လက်ယာလက်က လက်စွပ်ရယ်, ရွှေထမင်းနဲ့ ရွှေယောက်မရယ် ပေးပါလို့တောင်းပါ၊ အဲဒီလက်စွပ်ကလိုတရလက်စွပ်ပါ၊ ရွှေဗိမာန်ကြီး ဖန်ဆင်းပေးနိုင်ပါတယ်၊ ရွှေထမင်းအိုးနဲ့ ရွှေယောက်မကလည်း တောင့်တာလို့ရှိရင် နတ်ထမင်းနဲ့ နတ်ဟင်းကို ပေးနိုင်ပါတယ်''

အဲဒီအခါ သူဌေးသားလည်း သူ့မိတ်ဆွေ ၃–ဦးနဲ့အတူတောင်ညိုညိုကြီးဆီကို သွားတာပေါ့။

တောင်ခြေရင်းရောက်လို့ နတ်ရေတွင်းရေထွက်ကို တွေ့တော့ ...

''ကဲ ... မင်းတို့ ဒီမှာ ခဏနေခဲ့လေ၊ ကျုပ် မြွေဘုရင်ကြီးကို သွားတွေ့ဦးမယ်''

ခွေးကလေးနဲ့ကြောင်ကလေးကို မှာပြီး သူဌေးသားလည်း မြွေကလေးနဲ့အတူ ရေထဲငုပ်ဆင်းသွားပါရောတဲ့။ မြွေတိုင်းပြည်ကို ရောက်တော့ မြို့တံခါးကနေပြီး မြွေကလေးက သူ့ဖခင်ထံ

သွားလျှောက်ထားစေသတဲ့။

"ကျွန်တော်ဟာ အခုအခါမှာ အသက်သခင်ဖြစ်တဲ့ လူသားရဲ့ကျေးကျွန် ဖြစ်ပါတယ်၊ ခမည်းတော်ကိုယ်တိုင် လာရောက်ကြိုဆိုပြီး ကျေးကျွန်ဘဝက ရွေးယူပါမှ ခမည်းတော်ရဲ့ ရှေ့တော်ကို ဝင်နိုင်ပါလိမ့်မယ်"

မြွေကလေးက သူဌေးသားကို ကျေးဇူးဆပ်ချင်လို့ ဇာတ်ဆင်ပြောတာပါ။ အဲဒီအခါမှ မြွေဘုရင်ကြီးက ကိုယ်တိုင်ထွက်ကြိုပြီး မြွေတိုင်းပြည်မှာ သူဌေးသားကိုလည်း ကောင်းမွန်စွာ ညှိခံကြိုဆိုပြီး မြွေဘုရင်ကြီးရဲ့ လိုတရလက်စွပ်ရယ်၊ ရွှေထမင်းအိုးနဲ့ ရွှေယောက်မရယ် ကျေးဇူးဆပ်တဲ့အနေနဲ့ မြွေမင်းက ပေးလိုက်ရသတဲ့။

နောက်တော့ နတ်ရေတွင်းထွက်လမ်းကနေ လူ့ပြည်ကို ပြန်လာပြီး သူ့အပေါင်းအဖော်တွေနဲ့ ပြန်တွေ့တာပေါ့။

မကြာခင်မှာပဲ သူဌေးသားက လိုတရလက်စွပ်ကိုကိုင်ပြီး တောင့်တလိုက်တဲ့အခါ အင်မတန်ခမ်းနားတဲ့ ရွှေဗိမာန်ကြီး ရောက်လာသတဲ့။ ရွှေဗိမာန်ထဲမှာ မင်းသမီးကလေးတစ်ပါးလည်း ပါလာသတဲ့။ နောက် ရွှေထမင်းအိုးနဲ့ ရွှေယောက်မကို တောင့်တ

လိုက်တဲ့အခါမှာလည်း စားကောင်းသောက်ဖွယ် နတ်ထမင်း၊ နတ်ဟင်းတွေ ရောက်လာသတဲ့။ အဲဒီအခါ သူဌေးသားက မင်းသမီးလေးနဲ့အတူ ရွှေဗိမာန်ကြီးထဲမှာ နေတာပေါ့။

တစ်နေ့ကျတော့ မင်းသမီးလေးဟာ ဆံပင်ရှင်းရင်း ကျွတ်ကျလာတဲ့ ရွှေဆံပင်ကလေးတွေကို ကျည်တောက်တစ်ခုမှာ ထည့်ပြီး မြစ်ထဲမျှောလိုက်သတဲ့။ မြစ်ကြောပေါ်ကနေ မျှောသွားတဲ့ ကျည်တောက်ကို တစ်တိုင်းပြည်က မင်းသားကလေးတစ်ပါး ရေကစားဆင်းရင်းနဲ့ အဲဒီကျည်တောက်ကို တွေ့တာနဲ့ ဆယ်ကြည့်သတဲ့။

အင်မတန် လှပနူးညံ့တဲ့ ရွှေဆံပင်လေးတွေကိုတွေ့တော့ မင်းသားကလေးဟာ မမြင်ရတဲ့ဆံပင်ရှင် မင်းသမီးလေးကို စွဲလမ်းပြီး မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်တတွေတွေ နေတော့တာပဲတဲ့။ အဲဒီအခါမှာ မင်းသားကလေးရဲ့ ခမည်းတော်ဟာ စိတ်ပူတာနဲ့ မင်းသားလေးရဲ့အရီးတော် ဘီလူးမကြီးဆီမှာ အကြံတောင်းရသတဲ့။

ဘီလူးမကြီးက မင်းသမီးလေးရဲ့ဆံပင်အနံ့ကို နမ်းကြည့်ပြီး ပျားယောင်ဆောင်ကာ မင်းသမီးလေးဆီ ရောက်လာတာပေါ့။

ရောက်တဲ့အခါ အမယ်အိုယောင်ဆောင်ပြီး တောင်ဝှေးလေး တဒေါက်ဒေါက်နဲ့ ရွှေဇိမာန်ထဲဝင်လာသတဲ့။

"မင်းသမီးလေး ... ကျွန်ုပ်ဟာ အခြားသူမဟုတ်ဘူး။ မင်းသမီးရဲ့အရီးတော် ဖြစ်တယ်၊ မင်းသမီးလေး မွေးခါစက ကွဲသွားလို့ မမှတ်မိတာပါ"

မင်းသမီးကလေးလည်း ခပ်ရိုးရိုးဆိုတော့ အဟုတ်မှတ်ပြီး ရွှေဇိမာန်ထဲမှာ အရီးတော်အဖြစ် ထားတာပေါ့။ ရက်နည်းနည်းကြာတော့ လိုတရလက်စွပ်အကြောင်း မေးသတဲ့။ သူ့ခြေသားလက်မှာ ဝတ်ထားတယ်လို့ မင်းသမီးက ပြောတော့ ...

"ယူထားပါလား မင်းသမီးလေးရယ်၊ မောင်တော်က ခဏခဏ အမဲလိုက်ထွက်နေတာ မတော်တဆများ တောထဲကျပျောက်ရင် မခက်ပေဘူးလား"

အကျိုးလိုယောင်ဆောင်ပြီးပြောတာ မင်းသမီးလေးကလည်း အဟုတ်မှတ်လို့ ယောကျ်ားဆီက လက်စွပ်ကို တောင်းယူထားလိုက်တာပေါ့။ နောက်တစ်နေ့ကျတော့ ဘီလူးမက ...

"လိုတရလက်စွပ်ကို ကိုင်ကြည့်စမ်းပါရစေ"

ရိုးသားတဲ့မင်းသမီးကလည်း ပြလိုက်တာနဲ့ ဘီလူးမက

ပျားယောင်ဆောင်ပြီး လက်စွပ်ကို ခိုးပြေးပါလေရော။ ဘုရင့်တော် မင်းသားလေးလက်ထဲ လက်စွပ်ထည့်ပေးလိုက်သည်နှင့် မင်းသားလည်း ပြုံးရွှင်စွာနဲ့ တောင့်တလိုက်တယ်ဆိုရင်ပဲ ရွှေဗိမာန် တော်ကြီးထဲ ရောက်သွားတာပေါ့ကွယ်။ မင်းသားက မင်းသမီးကို အတင်းအဓမ္မ သုံးနှုန်းသောစကားကို ပြောပါလေရောတဲ့။

မင်းသမီးလည်း အတန်တန်ငြင်းသတဲ့။ ငြင်းမရတဲ့အဆုံး ရောက်တော့ တစ်လ လေးသီတင်းဆိုင်းငံ့ရင် မင်းသားနဲ့ လက်ထပ်ပါ့မယ်လို့ ကတိပေးလိုက်ရသတဲ့။

အဲဒီအတောအတွင်းမှ သူဌေးသားဟာ သမင်လိုက်ရာမှ ပြန်လာပြီး ရွှေဗိမာန်ကို မတွေ့တော့ ရင်ကွဲပက်လက်နဲ့ဝမ်းနည်း ပူဆွေးရတာပေါ့။ နောက်ဆုံး အကြံကုန်တဲ့အခါ၊ သူ့ကိုယ်သူ သတ်သေမယ်ဆိုပြီး ဓားကိုင်လိုက်တဲ့အခါ ခွေးကလေးနဲ့ ကြောင်ကလေးက ပုန်းနေရာမှ ပြေးထွက်လာပြီး . . .

"အို သခင် . . . သည်းခံပါ၊ ကျွန်တော်တို့ကို တစ်လ လေးသီတင်း အချိန်ပေးရင် မင်းသမီးကို ရအောင်ရှာပေးပါ့ မယ်"

ဒီလိုနဲ့ ခွေးနဲ့ကြောင့်ဟာ သတင်းစုံစမ်းရင်း လိုက်ရှာ

လိုက်တာ မင်းသမီးလေးစံစားနေတဲ့ နန်းတော်ကို တွေ့လိုက်ရတာပေါ့။

ညအချိန်ရောက်တော့ မင်းသမီးဟာ လေသာပြတင်းပေါက်မှာ သူ့ဒွေးသားကို မျှော်မှန်းလွမ်းဆွတ်နေချိန် ကြောင်ကလေးက သစ်ပင်တွေပေါ်မှတစ်ဆင့် လေသာပြကင်းပေါက်ပေါ် ခုန်ချရောက်လာတော့ မင်းသမီးလေး ဝမ်းသာသွားတာပေါ့။

ဖြစ်ကြောင်းကုန်စင် ပြောပြတော့ ...

"လိုတရလက်စွပ်က ဘယ်မှာလဲ"

"ဘီလူးမရဲ့ ဝမ်းဗိုက်ထဲမှာ"

"ကောင်းပြီ၊ ကျွန်တော် ရအောင်ယူမယ်"

အဲဒီနေ့မှာပဲ ကြွက်မင်းကြီးရဲ့သားတော်အကြီးရဲ့ လက်ထပ်ပွဲရှိတယ် ဆိုလို့ပဲ။ ဒါကြောင့် ... ကြောင်ကလေးဟာ ကြွက်တွင်းဝမှာ သေချောင်းယောင်ဆောင်နေသတဲ့။ ကြွက်ပရိသတ်ကြီး ထွက်လာတဲ့အခါ ကြောင်လေးက ကြွက်သတို့သားကို ဖမ်းလိုက်တာပေါ့။ အဲဒီအခါ ကြွက်မင်းကြီးက တောင်းပန်တာပေါ့။ အဲဒီအခါ ကြောင်လေးက ...

"ဘီလူးမကြီးရဲ့ ဝမ်းဗိုက်ထဲမှာရှိတဲ့ လိုတရလက်စွပ်ကို

ရအောင်ယူပေးရင် သားတော်ကြွက်မင်းသားကို လွှတ်မယ်''

ညကျတော့ ကြွက်တွေဟာ ဘီလူးမရဲ့အခန်းထဲ တန်းစီဝင်သွားကြတာပေါ့။ ဘီလူးမဟာ ပါးစပ်ကြီးအပြဲသားနဲ့ တခေါခေါ ဟောက်ပြီး အိပ်ပျော်နေတာတွေ့တော့ ကြွက်ကလေး တစ်ကောင်က မျက်နှာပေါ်ကို အသာတက်လိုက်ပြီး အာခေါင်ထဲကို ကြွက်မြီးကလေးနဲ့ မွှေလိုက်သတဲ့။ အဲဒီအခါမှာ ဘီလူးမကြီးလည်း လည်ချောင်းယားပြီး ချောင်းဆိုးလိုက်တာ ဝမ်းဗိုက်ထဲကလိုတရလက်စွပ်ဟာ စင်ထွက်သွားပါလေရောတဲ့။

ဒီတော့ ကြွက်တွေဟာ လက်စွပ်ကိုချီပြီး ကြောင်လေးကိုပေးတော့ ကြွက်မင်းသားကို လွှတ်ပေးလိုက်သတဲ့။ အဲဒီတော့မှ သူဌေးသားရှိရာကို ပြန်ပေးကြတယ်။ သူဌေးသားလည်း လက်စွပ်လည်းရရော ပြန်တလိုက်တော့ ရွှေဗိမာန်ကြီးနဲ့အတူ မင်းသမီးပါ ရောက်လာတာပေါ့။

အဲဒီတော့မှ ခွေးလေး၊ ကြောင်လေးရယ်၊ သူဌေးသားရယ်၊ မင်းသမီးလေးရယ် ပျော်ပျော်ပါးပါး ရွှေဗိမာန်ကြီးထဲမှာ အေးချမ်းစွာ နေကြလေရောသတဲ့ကွယ်။

❋ ❋ ❋

# အိမ်မြှောင်ဖြီး

ကလေးတို့ရေ ...

ခြံတွေထဲမှာ ပုတ်သင်ညိုကလေးတွေကို ကလေးတို့ မြင်ဖူးကြမှာပေါ့နော်။ မြက်တောထဲကိုဖြတ်ပြေး သစ်ပင်ပေါ် တက်ပြေး သစ်ကိုင်းပေါ်မှာ ခေါင်းတညိတ်ညိတ်နဲ့ရပ်နေ။ အဲဒီလို လှုပ်ရှားသွားလာနေတဲ့ သတ္တဝါပဲ။

အိမ်ထဲမှာ အိမ်မြှောင်ရှိတယ်။ ခေါင်းမိုးထဲမှာ တောက်တဲ့ရှိတယ်။ မြက်တောထဲမှာ ကင်းလိပ်ချောရှိတယ်။

အဲဒါတွေဟာ မမတို့ ကလေးတို့နဲ့ နီးစပ်တဲ့ တွားသွား

သတ္တဝါလေးတွေပေါ့။ ဖွတ်တို့ မိကျောင်းတို့ဆိုတာတွေကတော့ တောထဲရေထဲမှာနေလို့ တွေ့ရခဲပါတယ်။

အဲဒီတွားသွားသတ္တဝါတွေထဲမှာ ပုတ်သင်ညိုကလေးဟာ အတော်ထူးဆန်းနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်အရောင်ကို နေရာအလိုက် ပြောင်းနိုင်လို့ပါ။ သစ်ရွက်တွေအကြားမှာနေရင် သူ့ကိုယ်အရောင်ဟာ အစိမ်း၊ သစ်ကိုင်းသစ်ခက်ပင်စည်တွေအပေါ်မှာ သွားလာကျက်စားနေရင် သူ့အရောင်ဟာ သစ်ခေါက်အရောင် ညို့မှိုင်းမှိုင်း။

သူ ကိုယ်ရောင် ဘာဖြစ်သလဲ။ သူ့ကို ရုတ်တရက်ရှာမတွေ့အောင် ကိုယ်ယောင်ဖျောက်ချင်လို့ ပြောင်းတာပါ။ သူ့မှာ ရန်သူတွေရှိတယ်။

ဥပမာ ... ကြောင်ပေါ့။

ကြောင်က သူ့ကိုမြင်ရင် ဖမ်းခုတ်မှာပေါ့။ သည်တော့ ကြောင်မမြင်ရအောင် ကိုယ်ယောင်ပြောင်းပြီး ကိုယ်ယောင်ဖျောက်လိုက်တာပေါ့။ ကလေးတို့လည်း ခြံထဲမှာကစားတဲ့အခါ ပုတ်သင်ညိုကို စောင့်ကြည့်လေ့လာနော်။

အဲ ... ကိုယ်ယောင်ဖျောက်တဲ့အကောင်တစ်ကောင်

အကြောင်းကို ပြောဦးမယ်။ နှင်းဆီတစ်ပင်ရဲ့ အကိုင်းဆုံ တစ်နေရာမှာလေ ထူးထူးဆန်းဆန်း အကိုင်းတစ်ခုဟာ အကိုင်းနှစ်ခု ဆက်ပြီး တန်းနေတယ်။

သေချာကပ်ကြည့်တော့မှ သစ်ကိုင်းတစ်ခုမဟုတ်ဘဲ ပိုးကောင်တစ်ကောင်ဖြစ်နေတာကို တွေ့ရပါတယ်။

ပုံသဏ္ဍာန်က သစ်ကိုင်းပုံ၊ အရောင်က သစ်ကိုင်းရောင်၊ အမှတ်တမဲ့ကြည့်ရင် သစ်ကိုင်းလို့ပဲ မှတ်ရပါတယ်။ အဲဒီ အကောင်ဟာလည်း ရန်သူတွေက သူ့ကို ဖမ်းစားမှာစိုးလို့ သစ်ကိုင်းပုံနဲ့ ကိုယ်ယောင်ဖျောက်ထားတာပါ။ သူ့ကို မြန်မာလို ဘာခေါ်သလဲ မကြားဖူးပါဘူး။ အင်္ဂလိပ်စကားမှာတော့ Stick Insect တဲ့။ တုတ်ချောင်းပိုးကောင်လို့ ဆိုရမှာပေါ့။

ကိုယ်ယောင်ဖျောက်နည်းတစ်မျိုးကတော့ ရန်သူလာရင် ငြိမ်နေတာပါပဲ။ ဥပမာ–သစ်ပင်တွေပေါ်မှာ ပိုက်ကွန်တွေတန်းပြီး ပိုးကောင်တွေကို ဖမ်းစားနေတဲ့ ပင့်ကူဟာလေ သူ့ကိုဖမ်းမယ့် ရန်သူလာတယ်ဆိုရင် တစ်ခါတည်းငြိမ်ပြီး သေချင်ယောင်ဆောင် လိုက်တာပဲ။ ရန်သူလွန်သွားတော့မှ ပိုက်မှာလာတိုးတဲ့ ပိုးကောင် ကလေးတွေကို ဖမ်းစားပြန်တယ်။

အဲ ... ကလေးတို့နဲ့အတူနေတဲ့ အိမ်မြှောင်ကတော့ ကိုယ်ယောင်မဖျောက်ဘူး။ သူ့ကိုလိုက်ဖမ်းရင် အမြီးကလေးကို ဖြတ်ချခဲ့တာပဲ။ အမြီးကလေးက တဆတ်ဆတ်ခုန်ပေါက်နေလို့ ကြောင်လေးက ငေးကြည့်နေတုန်း အိမ်မြှောင်က လွတ်ရာကို ထွက်ပြေးတာပေါ့။

ကဲ ... ကိုယ်ယောင်ဖျောက်တဲ့ အခြားအကောင်တွေကို ကလေးတို့ ရှာကြည့်လိုက်ပါဦးနော်။

ရွှင်လန်းချမ်းမြေ့ပါစေ

ဟန်နီဦး

7th July, 2014

အောက်ပါစာအုပ်များ လိုအပ်ပါက မှာကြားစေလိုပါသည်...

| | | |
|---|---|---|
| အမှတ်စဉ် (၁) | ဦးယဉ်ကျေး | ဆန်းဆန်းပြားပြားပုံပြင်များ |
| အမှတ်စဉ် (၂) | မောင်သန္တ (လယ်ဝေး)၊ | ဘုရင်လုပ်ချင်သူနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၃) | မောင်သန္တ (လယ်ဝေး) | ကုဏ္ဍာသယကြိမ်လုံး (ပုံပြင်) |
| အမှတ်စဉ် (၄) | အောက်တိုဘာအောင်ကြီး | လောဘကြီးသောသူခိုးနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၅) | ဦးယဉ်ကျေး | အလိမ္မာပုံပြင်များ |
| အမှတ်စဉ် (၆) | အောက်တိုဘာအောင်ကြီး | ပညာရှိလူကလေးနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၇) | ပညာဒီပ | ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ကြီးများ |
| အမှတ်စဉ် (၈) | မောင်သန္တ (လယ်ဝေး) | ကလေးတို့အတွက် အဖော်မွန် (ပုံပြင်) |
| အမှတ်စဉ် (၉) | မောင်သန္တ (လယ်ဝေး) | မင်းသားလေးနှင့်လိုတရဝတ်ရုံ (ပုံပြင်) |
| အမှတ်စဉ် (၁၀) | ဆရာအောင်ဝေယျ | ပန်းတိုင်ရောက်မည့်ခြေလှမ်းများ (တက်ကျမ်း) |
| အမှတ်စဉ် (၁၁) | အောက်တိုဘာအောင်ကြီး | ယုံတမ်းစကားလိပ်နှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၁၂) | ဒေါ်အုန်းကြည်သား | ဆင်ခိုးမလေးနှင့် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ |

| | |
|---|---|
| အမှတ်စဉ် (၁၃) မောင်ဆန္ဒ (လယ်ဝေး) | ငရဲလမ်း |
| အမှတ်စဉ် (၁၄) ဦးယဉ်ကျေး | ယဉ်ယဉ်ကျေးကျေး ပုံပြင်များ |
| အမှတ်စဉ် (၁၅) မောင်ဆန္ဒ (လယ်ဝေး) | ဆန်းထွေထူးခြား လူဖြစ်လာသူများ |
| အမှတ်စဉ် (၁၆) ဟန်နီဦး | သားပင့်ကူနှင့်သမီးများနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၁၇) မောင်ဆန္ဒ (လယ်ဝေး) | လူဝင်စား |
| အမှတ်စဉ် (၁၈) သုတေသီဆရာမင်းသကျော်ဝင်း | ဟောနည်းလွယ်စွာ မြန်မာ့ရိုးရာ ဗေဒင်ပညာ |
| အမှတ်စဉ် (၁၉) ဦးယဉ်ကျေး | သိမှတ်ဖွယ်ရာ တိရစ္ဆာန်ပုံပြင်များ |
| အမှတ်စဉ် (၂၀) အောက်တိုဘာအောင်ကြီး | ရာဇဝင်ပုံပြင်များ (၁) |
| အမှတ်စဉ် (၂၁) မောင်ဆန္ဒ (လယ်ဝေး) | ငရဲတံခါးပိတ်သူများ |
| အမှတ်စဉ် (၂၂) ဟန်နီဦး | ပဥ္စလက်နွယ်ကြိုးနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၂၃) မောင်ဆန္ဒ (လယ်ဝေး) | သာသနာတော်ခေတ်ဦး ဆရာတော် ကြီးများ၏ထူးခြားဖြစ်ရပ် |
| အမှတ်စဉ် (၂၄) အောက်တိုဘာအောင်ကြီး | ရာဇဝင်ပုံပြင်များ (၂) |
| အမှတ်စဉ် (၂၅) သုတေသီဆရာမင်းသကျော်ဝင်း | အိပ်မက်ဆိုရာ (အိပ်မက်ကျမ်း) |
| အမှတ်စဉ် (၂၆) မောင်ဆန္ဒ (လယ်ဝေး) | ဝေဿန္တရာဇာတ် |
| အမှတ်စဉ် (၂၇) အောက်တိုဘာအောင်ကြီး | ဝင့်ကြွေးနှင့်အခြားပုံပြင်များ |
| အမှတ်စဉ် (၂၈) မောင်ဆန္ဒ (လယ်ဝေး) | ဘူရိဒတ္တဇာတ်တော် |

| | |
|---|---|
| အမှတ်စဉ် (၂၉) ဟန်နီဦး | မော်တင်းပုတ်နှင့်အခြားပုံပြင်များ |
| အမှတ်စဉ် (၃၀) မမိုး | ကေသာနှင့်စိတ်နှလုံးပြည့်ဝစေမည့်ပုံပြင်များ |
| အမှတ်စဉ် (၃၁) အောက်တိုဘာအောင်ကြီး | ကလေးသူငယ်အမှုအကျင့်ပုံပြင်များ |
| အမှတ်စဉ် (၃၂) မောင်ဆန္ဒ(လယ်ဝေး) | ဝိဓုရဇာတ် |
| အမှတ်စဉ် (၃၃) အောက်တိုဘာအောင်ကြီး | လင်မယားတို့၏ရယ်စရာများ |
| အမှတ်စဉ် (၃၄) မမိုး | ကတိတည်သောလုလင်ပျို့နှင့်အသိပညာပေးပုံပြင်များ |
| အမှတ်စဉ် (၃၅) ဒေါ်အုန်းကြည်သား | ဘုရင်မကြီးရှင်စောပုနှင့်ပဒေသရာဇ်စနစ်ဆိုး |
| အမှတ်စဉ် (၃၆) မောင်ဆန္ဒ(လယ်ဝေး) | နရဒဇာတ် |
| အမှတ်စဉ် (၃၇) ဒေါ်အုန်းကြည်သား | ဗိုလ်ချုပ်၏နှစ် (၁၀၀) ပုံရိပ်များ |
| အမှတ်စဉ် (၃၈) အောက်တိုဘာအောင်ကြီး | ပုံပြင်ထဲက ပုံပြင်များ |
| အမှတ်စဉ် (၃၉) ဒေါ်အုန်းကြည်သား | ရွှေဝါရောင်အရေးတော်ပုံကြီး |
| အမှတ်စဉ် (၄၀) ဟန်နီဦး | ကြာညိုပန်းနှင့်အခြားပုံပြင်များ |
| အမှတ်စဉ် (၄၁) မောင်ဆန္ဒ(လယ်ဝေး) | စန္ဒကုမာရဇာတ် |
| အမှတ်စဉ် (၄၂) ဒေါ်အုန်းကြည်သား | ဗိုလ်ချုပ်၏ရင်တွင်းစကား |
| အမှတ်စဉ် (၄၃) မောင်ဆန္ဒ(လယ်ဝေး) | တေမိယဇာတ် |
| အမှတ်စဉ် (၄၄) မောင်ဆန္ဒ(လယ်ဝေး) | မဟောသဓာဇာတ် (ပ) |
| အမှတ်စဉ် (၄၅) မောင်ဆန္ဒ(လယ်ဝေး) | မဟောသဓာဇာတ် (ဒု) |

| | | |
|---|---|---|
| အမှတ်စဉ် (၄၆) | မောင်သန္တ(လယ်ဝေး) | မဟာဇနကဇာတ် |
| အမှတ်စဉ် (၄၇) | မောင်သန္တ(လယ်ဝေး) | သုဝဏ္ဏသာမဇာတ် |
| အမှတ်စဉ် (၄၈) | မောင်သန္တ(လယ်ဝေး) | နေမိဇာတ် |
| အမှတ်စဉ် (၄၉) | အောက်တိုဘာအောင်ကြီး | လိုတရလူပုလေးနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၅၀) | ဒေါ်အုန်းကြည်သား | ရာဇဝင်ထဲက ပုံရိပ်ပုံပြင်များ |
| အမှတ်စဉ် (၅၁) | မောင်သန္တ(လယ်ဝေး) | ဦးခေါင်းနှင့်စကားထူးဆန်း ငွေတစ်သန်းပုံပြင်များ |
| အမှတ်စဉ် (၅၂) | ကေသီမိုးသူ | မင်းသမီးလေး၏ဒဏ္ဍာရီနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၅၃) | ကေသီမိုးသူ | ကောင်းမှုနှင့်မကောင်းမှုနှင့် အခြားပုံပြင်များ |
| အမှတ်စဉ် (၅၄) | မောင်သန္တ(လယ်ဝေး) | ရာဇဝင်ထဲက ပုံပြင်များ |
| အမှတ်စဉ် (၅၅) | အောက်တိုဘာအောင်ကြီး | ကလေးများအတွက် သယ်နှစ်လရာသီစာပန်းချီ |
| အမှတ်စဉ် (၅၆) | မောင်သန္တ(လယ်ဝေး) | ကလေးတို့ဖတ်ဖို့ မင်္ဂလာပုံပြင်များ(၂) |
| အမှတ်စဉ် (၅၇) | ဟန်နီဦး | ချယ်ရီပန်းအသို့ အခြားပုံပြင်များ |

ပင်များ

အမှတ် (၂၂၁)၊ ပထမထပ်၊
၃၁–အထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph ၀၁–၃၈၄၉၂၇၊ ၀၉–၃၆၂၂၀၈၇၄